ပဋ္ဌိတာနဋ္ဌ သေဝနာ ဇေတံမင်္ဂလမုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၀)၊ အမှတ်(၃၅၉)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏အထူးကိုယ်စားလှယ်နိုင်ငံခြားရေးဝန်ကြီးအားလက်ခံတွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Surakiart Sathirathai အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံနှင့် အောက်ပုံ)**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Surakiart Sathirathai နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Oum Maolanon လည်း တက်ရောက်သည်။ **(သတင်းစဉ်)**





**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

# မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေး ကျရာကဏ္ဍက လက်တွဲဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာဖွံ့ဖြိုးရေး၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်များဖြင့် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများနှင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်အပေါ် အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့်ပတ်သက်၍ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးပြီး စက်တင်ဘာလ ၂၃ ရက်နေ့က ကရင်ပြည်နယ် ဘားအံမြို့ သီရိလမ်းမကြီးရှိ သီရိကွင်း၌ ကျင်းပရာ တိုင်းရင်းသားပြည်သူများ တစ်ခဲနက်တက်ရောက်ခဲ့ကြသည်။

အဆိုပါ မိန့်ခွန်းကြိုဆိုထောက်ခံသည့် လူထုအစည်းအဝေးတွင် သဘာပတိ ကရင်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောလွန်းရှိန်က–

**"အဆင့်ဆင့်ဆောင်ရွက်ရမည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြရန်"**

တိုက်တွန်း ပြောကြားသွားသည်။

ဘားအံမြို့တွင်ကျင်းပခဲ့သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ပညာရေးဌာနမှ အလယ်တန်းပြ ဆရာမ ဒေါ်ခင်မာလွင်နှင့် ဘားအံတက္ကသိုလ်မှ အားကစားနည်းပြ ဦးမြင့်နိုင်တို့က ကရင်ပြည်နယ်အတွင်း ခံစားတွေ့မြင်နေရသည့် ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို ဖော်ပြ၍ မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံဆွေးနွေးသွားခဲ့သည်။

နိုင်ငံတော်အစိုးရက အမိပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား ညမနား ကြိုးပမ်းအားထုတ်လျက်ရှိသဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဝေဆာလျက်ရှိနေပေသည်။

သာဓကအားဖြင့် ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ၌ ၂၀၀၂–၂၀၀၃ ခုနှစ်အထိ တံတားလုပ်ငန်း ၁၁ ခုအတွက် ၁၈၃၂ ဒသမ ၄ သိန်း၊ စိုက်ပျိုးရေးလုပ်ငန်း ၂၅ ခုအတွက် ၃၀၈ ဒသမ ၁၂၇ သိန်း၊ ပညာရေးလုပ်ငန်း ၃၈ ခုအတွက် ၇၈၄ ဒသမ ၀၆ သိန်း၊ ကျန်းမာရေးလုပ်ငန်း ၂၃ ခုအတွက် ၅၅၆ ဒသမ ၂ သိန်း၊ မွေးမြူရေးလုပ်ငန်း သုံးခုအတွက် ၇ ဒသမ ၇ သိန်း၊ စွမ်းအင်လုပ်ငန်း ၁၇ ခုအတွက် ၆၆ ဒသမ ၅၀၄ သိန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ၁၉ ခုအတွက် ၂၁၃ ဒသမ ၈၅၇ သိန်း၊ ဆက်သွယ်ရေးလုပ်ငန်း ၁၀ ခုအတွက် ၃၄ ဒသမ ၅၇၂ သိန်း၊ သာသနာရေးလုပ်ငန်း ၁၃ ခုအတွက် ၁၁၅ ဒသမ ၆ သိန်း၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်း နှစ်ခုအတွက် ၅၈ ဒသမ ၅ သိန်း စုစုပေါင်းလုပ်ငန်း ၁၆၁ ခုအတွက် ငွေကျပ် ၃၉၇၇ ဒသမ ၅၂၀ သိန်း အသုံးပြု၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ရှင်းလင်းပြောကြားခဲ့သည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် လက်ရှိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်နှင့် ကိုက်ညီလျက်ရှိသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးပန်းတိုင်လည်း ဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေးကို ဦးတည်ကာ တိုင်းရင်းသားပြည်သူ အားလုံး၏ အကျိုးစီးပွားကို ရှေးရှုနေပေသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် နိုင်ငံသားတို့၏ အကျိုး စီးပွားကိုရှေးရှုပြီး ချမှတ်လိုက်သည့် ကိုယ်ပိုင်မြန်မာနိုင်ငံ၏ လမ်းပြမြေပုံဖြစ်ပေရာ မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ကျရာကဏ္ဍက လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



**သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၂–၂၀၀၃ ခု ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသင်းက သတ္တမတန်းမှ ပထမဆုရရှိသူ မမေမြတ်ကျော်အား ဆုချီးမြှင့်စဉ်။ (က–ပ)**

## မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ် (၅၀)မြောက် ဆရာဝန်ညီလာခံကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ စာတမ်းတင်သွင်း ဖတ်ကြားလိုသူများသည် စာတမ်းများကို နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး ပညာရေးရာကော်မတီ မြန်မာနိုင်ငံဆရာဝန်အသင်း၊ အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့နိုင်ကြသည်။ **(သတင်းစဉ်)**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မုန်း–ချောက် (၁၃၂)ကေဗွီဓာတ်အားလိုင်း ဧရာဝတီမြစ်ကျော် ဓာတ်အားကြိုးဆွဲချိန် ရေကြောင်းလမ်းပိတ်ထားမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက မုန်း–ချောက် (၁၃၂) ကေဗွီဓာတ်အားလိုင်း ဧရာဝတီမြစ်ကျော် (ဆိပ်ဖြူ–ချောက်) ဓာတ်အားကြိုးဆွဲခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၄ နာရီအတွင်း လုပ်ငန်းဆောင်ရွက်မည် ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် အနော်ရထာတံတား(ချောက်)၏ တောင်ဘက်ပေ ၂၀၀၀ ခန့်အကွာ ဧရာဝတီမြစ်အတွင်း အရှေ့မှအနောက်သို့ ရေယာဉ် ၁၆ စင်းခန့်ဖြင့် တန်းစီ၍ ဆောင်ရွက်မည်ဖြစ်သည်။

ဓာတ်အားလိုင်းကြိုးဆွဲနေစဉ် လုပ်ငန်းခွင်အထက်ဘက်နှင့် အောက်ဘက် မြစ်အတွင်း၌ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များက ရေယာဉ်များ မဖြတ်သန်းရန် ခေတ္တပိတ်ထားမည်ဖြစ်သည်။

အဆိုပါရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့် ရေယာဉ်များ၊ သစ်ဖောင်များအနေဖြင့် လုပ်ငန်းခွင်မှလွတ်ကင်းရာ ရေကြောင်း၌ ခေတ္တရပ်နား စောင့်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်ပြီး၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

လက်တွေ့သဒ္ဒါနည်းကျကျရေး၊ ဖတ်၊ ပြော ကျွမ်းကျင်စေရန် ဆရာမကြီး ဒေါ်တင်လှိုင် (B.A Eng)ဦးစီး၍ စနစ်တကျ သင်ကြားပေးမည့် အင်တာဗျူးတစ်ပတ်၊ အခြေခံအဆင့်မြင့် တစ်လ၊ Seamen Course၊ Tourism၊ Hotel၊ Company၊ Student Visa၊ Grammer၊ Phonetic အင်္ဂလိပ် စကားပြောသင်တန်းများကို တန်းခွဲ သစ်များအဖြစ် ရုံးဝန်ထမ်းများ အတွက် စနေ၊ တနင်္ဂနွေ၊ အထူးတန်းခွဲကို ဖွင့်လှစ်မည်ဖြစ်ရာ လှည်းတန်း မီးပွိုင့်အနီးရှိ ဒေါ်တင်လှိုင် ရူပါ အေဝမ်းအင်္ဂလိပ်စကားပြောသင်တန်း၊ ဖုန်း–၅၁၁၂၃၁ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)



**ဗိုလ်တထောင်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ မိဘဆရာအသင်း ၂၀၀၂–၂၀၀၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကိုးနှစ်ဆက်တိုက် ပထမဆုရရှိသူ မသီရိလွင်မော်အား ဆုချီးမြှင့်စဉ်။ (က–ပ)**

**မြင့်ဇော်စီစဉ်ပြီး အောင်ထိုက်တန် စာပေ၊ တိုက် B-1၊ အခန်း B-4၊ သမိုင်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း–၆၅၂၁၇၆ က ထုတ်ဝေ၍ ရာပြည့်စာအုပ်ဆိုင်၊ ဖုန်း– ၂၅၂၇၉၈ က ဖြန့်ချိလိုက်သည့် အောင်ဝေး၏ ခံစားမှုကထာ ဆောင်းပါးစာအုပ် မျက်နှာဖုံး။ (က–ပ)**




## တိုင်းရင်းသားအစီအစဉ်များ ပြောင်းလဲထုတ်လွှင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာ့အသံက (၃)လတစ်ကြိမ် အကွာ်ရာစဉ်အလိုက် အလှည့်ကျ ပြောင်းလဲထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ရာ မွန်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီမှ ၂ နာရီ ၄၅ မိနစ်ထိ၊ ရခိုင်ဘာသာ အစီအစဉ်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၃ နာရီခွဲထိ၊ ရှမ်းဘာသာ အစီအစဉ်ကို ညနေ ၃ နာရီခွဲမှ ၄ နာရီ ၁၅ မိနစ်ထိ၊ ကချင်ဘာသာ အစီအစဉ်ကို ညနေ ၄ နာရီ ၁၅ မိနစ်မှ ၅ နာရီထိ၊ ကယားဘာသာအစီအစဉ်ကို ညနေ ၅ နာရီမှ ၅ နာရီ ၄၅ မိနစ်ထိ၊ စကောကရင်ဘာသာ အစီအစဉ်ကို ညနေ ၅ နာရီ ၄၅ မိနစ်မှ ၆ နာရီခွဲထိ၊ ပိုးကရင်ဘာသာအစီအစဉ်ကို ညနေ ၆ နာရီခွဲမှ ည ၇ နာရီ ၁၅ မိနစ်ထိ၊ ချင်းဘာသာအစီအစဉ်ကို ည ၇ နာရီ ၁၅ မိနစ်မှ ည ၈ နာရီထိ လှိုင်းတို ၆၃ ဒသမ ၄၉ မီတာမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကွန်ပျူတာသင်တန်းများဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

AIT Trainning Centre ၌ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာရပ်များကို အခြေခံမှ Professional ဖြစ်သည့် အဆင့်အထိ သင်ကြားပေးလျက်ရှိသည်။ သင်တန်းချိန်အပြင် သင်တန်းသားများ လေ့ကျင့်နိုင်ရန် အပိုစက်သုံးချိန်များ စီစဉ်ထားခြင်း၊ ကိုယ်တိုင်လေ့လာနိုင်ရန် English Learning CDများ ထားရှိခြင်းများ ဦးစားပေး စီစဉ်ထားသည်။ သင်တန်းတစ်ခုလျှင် သင်တန်းသား ၁၂ ဦးအထိသာ လက်ခံသင်ကြားမည် ဖြစ်ကြောင်းနှင့် B-302တတိယထပ်၊ ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်း၊ ဖုန်း–၅၃၇၂၄၂၊ ၀၉–၉၉–၂၂၈၁၈ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

# မျိုးချစ်စိတ်နှင့်ဇာတိမာန်ထက်သန်စေမည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ





၁၉၈၉ ခုနှစ်ကတည်းက စတင်၍ ရှေးမူမပျက် ပြန်လည်တည်ဆောက်ခဲ့သော နန်းဆောင် ၈၉ ဆောင် ပါဝင်သည့် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်ကို တွေ့ရစဉ်။

ညောင်ဦးမြို့နယ် ပုဂံ မြို့ဟောင်းရှိ အနော်ရထာမင်းတရားကြီး၏ ပုဂံနန်းတော်ရာနေရာတွင် ရှေးမူမပျက် ပြန်လည်တည်ဆောက်မည့် ပုဂံ ရွှေနန်းတော်ပုံစံကို တွေ့ရစဉ်။

ပဲခူးမြို့ ကမ္ဘောဇသာဒီ နန်းတော်ဝင်းအတွင်း တည်ဆောက်ထားသည့် မြေနန်းပြာသာဒ် (အပေါ်ပုံ)နှင့် ဘမရာသနပလ္လင်တော်ဆောင် (အောက်ပုံ)ကို တွေ့ရစဉ်။





**ပုဂံနန်းတော်ရာ**

ပထမမြန်မာနိုင်ငံ တည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး၏ ပုဂံနန်းတော်ရာ တူးဖော်မှုလုပ်ငန်းခွင်။



တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်ခန့်ကပင်စတင်ပြီး ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများရှေးမူမပျက် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ရှေးမြန်မာမင်းများ ထီးနန်းစိုက်ရာ မြနန်းစံကျော် ရွှေနန်းတော်ကြီး ရှေးမူမပျက် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ၁၉၈၉ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့သည်။

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကိုယ့်မင်းကိုယ့်ချင်း နေထိုင်လာခဲ့သည့် မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးချိန်တွင် ဘေးပယောဂများ ပူးကပ်ဝင်ရောက်ပြီး ကိုလိုနီနယ်ချဲ့တို့၏ အလွယ်တကူ သိမ်းပိုက်မှုကိုခံခဲ့ရကာ သူ့ကျွန်ဘဝ ရောက်ခဲ့ရသည်။ ထိုသို့ သူ့ကျွန်ဘဝရောက်ခဲ့စဉ် ကိုယ့်မင်းကိုယ့်ချင်းဘဝက နိုင်ငံတော်အချုပ်အခြာအာဏာ၏ အထိမ်းအမှတ်ဖြစ်သည့်အပြင် မြန်မာလူမျိုးတို့ အထွတ်အမြတ်ထားခဲ့ရာ နေရာများသည် ကိုလိုနီနယ်ချဲ့တို့၏ ရုံးခန်းအဖြစ် နိမ့်လျောလျှော့ကျခဲ့ရသည့်အပြင် ဒုတိယကမ္ဘာစစ်ကာလအတွင်း ကိုလိုနီနယ်ချဲ့တို့ကြောင့် မီးလောင်ပျက်စီးခဲ့ရသည်။

သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်များ မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့်တကွ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ ရှေးမူမပျက် ပြန်လည်တွေ့မြင်ရခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားတောင့်တင်းခိုင်မာပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မြင့်မားမားဖြင့် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်နိုင်ခဲ့သောဘဝကို ကိုယ်တွေ့သိမြင်နားလည်နိုင်စေသည့်အပြင် မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်စိတ်ဓာတ်တို့ ပိုမိုထက်သန် နိုးကြားလာစေမည်ဖြစ်သည်။

# အလေးထားစရာဆို၍ ကုလသမဂ္ဂမှတစ်ပါး အခြားရွေးစရာမရှိ ပွင့်လင်းသောကမ္ဘာကြီးတွင် မည်သည့်နိုင်ငံမျှ ထင်ရာစိုင်း၍ မရနိုင် တစ်နိုင်ငံတည်းက အင်အားပြပြီး တစ်ဖက်သတ်မောက်မောက်မာမာမပြုသင့် အမေရိကန်၏အီရတ်ဆိုင်ရာမူဝါဒအား ပြင်သစ်သမ္မတ ဝေဖန်ပြစ်တင်

ကုလသမဂ္ဂ စက်တင်ဘာ ၂၄

**ကုလသမဂ္ဂအထွေထွေညီလာခံ၌ အင်္ဂါနေ့က ပြောကြားသော ပြင်သစ်သမ္မတ ဂျက်ရှီရက်၏မိန့်ခွန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။**

ဩဂုတ် ၁၉ ရက်က ဘဂ္ဂဒက်မြို့တော်၌ သူ၏ဝန်ထမ်းများနှင့်အတူ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်သွားသော ဆာဂျီယိုဒီမဲလိုးသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ဂုဏ်ကိုဆောင်သွားသည့်ပုဂ္ဂိုလ်ဖြစ်၍ ၎င်းအား မိမိတို့မမေ့သင့်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးသည် ယင်း၏သမိုင်းတွင် အဆိုးရွားဆုံးသော စမ်းသပ်မှုတစ်ရပ်ကို မကြာသေးမီက ရင်ဆိုင်ဖြတ်သန်းခဲ့ရကြောင်း။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အတည်ပြုချက်မရှိဘဲ စတင်ဆင်နွှဲလိုက်သည့် အီရတ်စစ်ပွဲက နိုင်ငံပေါင်းစုံနှင့် သက်ဆိုင်အကျုံးဝင်သောစနစ်ကို အောက်ခြေမှ လှုပ်စားခဲ့ကြောင်း၊ ဤအကျပ်အတည်းကို ဆင်ခြင်သုံးသပ်လျက် မိမိတို့၏အဖွဲ့အစည်းကြီးမှာ ယခုအခါတွင် ရှေ့သို့ ပြန်လည် ဆက်လက်လျှောက်လှမ်းနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပွင့်လင်းသည့်ကမ္ဘာတွင် မည်သူတစ်ဦးတစ်ယောက်မျှ အထီးကျန်နေထိုင်၍ မဖြစ်နိုင်ကြောင်း၊ အားလုံး၏အမိန့်အာဏာကို လွန်ဆန်၍ မည်သူမျှ တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်ကောင်းသည်မဟုတ်ကြောင်း၊ စည်းမဲ့ကမ်းမဲ့ လူ့ဘောင်တစ်ရပ်၏ မင်းမဲ့စရိုက်လက္ခဏာကိုလည်း မည်သူမျှလက်မခံကြောင်း၊ အလေးထားစရာဆို၍ ကုလသမဂ္ဂအဖွဲ့ကြီးမှတစ်ပါး အခြားရွေးစရာ အဖွဲ့အစည်းမရှိကြောင်း။

သို့သော် ယနေ့ ကာလကဲ့သို့ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့သည့်အခါတွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် အတိအလင်း ဖော်ပြထားသကဲ့သို့ အဓိကလုပ်ကိုင်ရမည့်အရာမှာ ကုလသမဂ္ဂအဖွဲ့ကြီးတွင် အရာရောက်သည့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် တောင်းဆိုရေးပင် ဖြစ်ကြောင်း။

ကမ္ဘာ့ရေးရာများ စီမံခန့်ခွဲမှုတွင် အားလုံးပါဝင်ရေးမှာ နိုင်ငံပေါင်းစုံနှင့် သက်ဆိုင်အကျုံးဝင်သောစနစ်သာ အဓိကဖြစ်ကြောင်း၊ ကမ္ဘာ့ရေးရာများ အထူးသဖြင့် အင်အားသုံးမှု သို့မဟုတ် တစ်ကမ္ဘာလုံးဆိုင်ရာစံနှုန်းများချမှတ်ရေးတွင် ဒီမိုကရေစီနှင့် တရားဝင်မှုကို ဤစနစ်က အာမခံကြောင်း၊ အီရတ်နိုင်ငံ၌ အီရတ်ပြည်သူများထံ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးမှာ တည်ငြိမ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်ကြောင်း၊ ဤလုပ်ငန်းစဉ် တရားဝင်ခွင့်ပြုရေးမှာ ကုလသမဂ္ဂအဖွဲ့ကြီး၏ တာဝန်ဖြစ်ကြောင်း၊ အလားတူပင် အီရတ်လက်ရှိအဖွဲ့အစည်းများထံ အုပ်ချုပ်ရေးနှင့် စီးပွားရေးတာဝန်များ အချိန်အားလျော်စွာ လွှဲပြောင်းပေးအပ်ရေး၊ အီရတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့် ရွေးကောက်ပွဲကျင်းပရေးတို့ကို အကူအညီပေးရန်မှာလည်း ကုလသမဂ္ဂအဖွဲ့ကြီး၏ တာဝန်ဖြစ်ကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ငြိမ်းချမ်းရေးအတွက် အင်တိုက်အားတိုက် ပြန်လည်လှုပ်ရှားရမည်ဖြစ်ပြီး ငြိမ်းချမ်းရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင်လည်း စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းမှာ နောက်ကျင်းပမည့် လေးပွင့်ဆိုင် ဝန်ကြီးအဆင့်အစည်းအဝေး၏ ရည်ရွယ်ချက်ဖြစ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအစီအစဉ် ခိုင်မြဲနေဆဲဖြစ်သည်ဟု ပြင်သစ်နိုင်ငံက ယူဆကြောင်းနှင့် နိုင်ငံတကာညီလာခံတစ်ရပ်၏ ရည်ရွယ်ချက် အလျင်အမြန်အောင်မြင်နိုင်မည်ဟုလည်း ယူဆကြောင်း။

မိမိတို့အနေဖြင့် လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ ပြန့်ပွားမှုနှင့် ရင်ဆိုင်နေရကြောင်း၊ မိမိတို့သည် အဆိုပါလက်နက်များ မပြန့်ပွားရေးအတွက် လှုပ်ရှားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကြီးကြပ်မှုအောက်တွင် စစ်ဆေးရေးမှူးများ အမြဲတစေရှိရေးကို အဆိုပြုတင်ပြထားကြောင်း၊ ယင်းမူဝါဒကို နောက်ထပ်တွန်းအားပေးရန် လိုအပ်ကြောင်း။

ကမ္ဘာ့နိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပြဿနာသည် မိမိတို့ ရင်ဆိုင်နေရသော အခြားစိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်မှာ အလွန်အမင်း ဆင်းရဲ မွဲတေသည့် အခြေအနေများနှင့် တွေ့ကြုံနေရကြောင်း။

တစ်ကမ္ဘာလုံး ပေါင်းစည်းယှက်နွှယ်မှုအစဉ် (Globalization) ကို ကမ္ဘာ့နိုင်ငံများ အားလုံးက ပေါင်းစည်းညီညွတ်စွာဖြင့် ဖော်ဆောင်နိုင်ခြင်းရှိမည်လား။ ကမ္ဘာ့စီးပွားရေးတွင် တစ်ကမ္ဘာလုံးပေါင်းစည်းယှက်နွှယ်မှု အစဉ်ကို တုံ့ပြန်လျက် မိမိတို့ကမ္ဘာသူ၊ ကမ္ဘာသားများ၏ လိုအင်ကိုဖြည့်ဆည်းနိုင်ခြင်း ရှိမည်လားဟု မိမိမေးခွန်းထုတ်လိုကြောင်း။

ကုလသမဂ္ဂသည် ထောင်စုနှစ်သစ်ဆိုင်ရာ ရည်မှန်းချက်များကို ချမှတ်ထားပြီးဖြစ်သော်လည်း ယင်းရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်ရေးတွင် နိုင်ငံရေးအရ လုပ်ငန်းစဉ်အရှိန်အဟုန်များ မြှင့်တင်ရန် လိုအပ်နေဆဲဖြစ်ကြောင်း။

ထောင်စုနှစ်သစ်ဆိုင်ရာ ကုလသမဂ္ဂရည်မှန်းချက်များအတွက် အကောင်အထည်ဖော်မှု အခြေအနေကို ပဏာမသုံးသပ်လေ့လာရန် ၂၀၀၅ ခုနှစ်တွင် နယူးယောက်မြို့၌ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တွေ့ဆုံဆွေးနွေးရန် မိမိအဆိုပြုကြောင်း။

ကမ္ဘာ့နိုင်ငံများ ထိပ်တိုက်တွေ့ခြင်းရှိမည့်အစား ပူးပေါင်းဆောင်ရွက်ခြင်းဓလေ့ ဖြစ်ပေါ်စေလိုကြောင်း။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်ဟူသော အဓိကတာဝန်ဝတ္တရားများမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် ကျရောက်နေကြောင်း၊ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွင် လုံခြုံရေးကောင်စီကို အင်အားတိုးချဲ့ရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုံခြုံရေးကောင်စီတွင် အရေးပါသောနိုင်ငံများ ပါဝင်သင့်ကြောင်း၊ အင်အားသုံးစွဲရေးကိစ္စရပ်တွင် ကုလသမဂ္ဂအခန်းကဏ္ဍရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းက အင်အားသုံးစွဲရန် တစ်ဖက်သတ်ဆုံးဖြတ်ခြင်းဖြင့် မောက်မောက်မာမာ ပြုမူခြင်းမရှိသင့်ကြောင်း ဂျက်ရှီရက်က ပြောကြားသွားသည်။



ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြင်သစ်သမ္မတ ဂျက်ရှီရက် မိန့်ခွန်းပြောကြားစဉ်။

## ပြင်သစ်သမ္မတ မိန့်ခွန်းမှ ကောက်နုတ်ချက်

- **အီရတ်ကို အမေရိကန်ဦးဆောင်ပြီးကျူးကျော်တိုက်ခိုက်ခြင်းကို ပြင်သစ်သမ္မတဂျက်ရှီရက်က ကုလသမဂ္ဂ၌ ပြောကြားသည့် သူ၏မိန့်ခွန်းတွင် ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်လိုက်ပြီး လက်တွေ့အမှန်တကယ်ဖြစ်သော အချိန်ဇယားပေါ်တွင် အီရတ်၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပြန်ပေးရန် တိုက်တွန်းလိုက်သည်။**
- **ကုလသမဂ္ဂ၏ ထောက်ခံမှုမပါဘဲ လုပ်ဆောင်ခဲ့သော ကျူးကျော်တိုက်ခိုက်မှုက နိုင်ငံပေါင်းစုံစနစ်ကို ကိုင်လှုပ်ခဲ့သည်ဟု ရှီရက်က ဝေဖန်ပြောဆိုသည်။**
- **ကုလသမဂ္ဂ၏ သမိုင်းကြောင်း၌ တင်းမာမှုအဖြစ်ဆုံးသော အကျပ်အတည်းကာလတစ်ခုကို ကုလသမဂ္ဂသည် ဖြတ်ကျော်ခဲ့ရသည်ဟုလည်း ရှီရက်က ဆက်လက်ပြောဆိုခဲ့သည်။**
- **ရှီရက်သည် အမေရိကန်အစိုးရ၏ အီရတ်ဆိုင်ရာမူဝါဒကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်ထားပြီး ပူးပေါင်းအဖွဲ့ကိုလည်း ခြောက်လမှ ကိုးလအတွင်း အီရတ်ပြည်သူများအား အချုပ်အခြာအာဏာ ပြန်ပေးရန် တိုက်တွန်းတောင်းဆိုထားသည်။**
- **ပွင့်လင်းသော ကမ္ဘာတစ်ခုတွင် မည်သူတစ်ဦး တစ်ယောက်မျှ အထီးကျန် မနေနိုင်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ အားလုံး၏ အမိန့်အာဏာကို လွန်ဆန်၍ တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်ကောင်းသည် မဟုတ်ကြောင်း၊ စည်းမဲ့ကမ်းမဲ့ လူ့ဘောင်တစ်ရပ်၏ မင်းမဲ့စရိုက်ကို လက်မခံနိုင်ကြောင်း၊ နိုင်ငံများအနေဖြင့်ကုလသမဂ္ဂအဖွဲ့အစည်းကို ရွေးရန်မှတစ်ပါး အခြားရွေးစရာ မရှိကြောင်း ရှီရက်က ပြောဆိုခဲ့သည်။**

## အီရတ်ဆိုင်ရာ သဘောကွဲမှုများ အမေရိကန်သမ္မတနှင့်ပြင်သစ်သမ္မတ ရင်ကြားမစေ့နိုင်

**ကုလသမဂ္ဂ စက်တင်ဘာ ၂၄**

စစ်ပြီးကာလ အီရတ်နိုင်ငံနှင့်ဆိုင်သည့် အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်များအပေါ် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ပြင်သစ်သမ္မတ ဂျက်ရှီရက်တို့၏ သဘောကွဲလွဲချက်များကို ရင်ကြားမစေ့နိုင်ခဲ့ကြဘဲ ပြင်သစ်သမ္မတက လုံခြုံရေးအခြေအနေ ပိုမိုယိုယွင်းလာခြင်းကို သတိပေးလိုက်သည်။

သို့ရာတွင် အီရတ်အာဏာပိုင်အဖွဲ့အား အချုပ်အခြာအာဏာလွှဲပြောင်းပေးရေးနှင့်ပတ်သက်၍ နှစ်ဖက်စလုံးက သဘောကွဲလွဲချက်များကို အသားပေး မပြောဆိုကြဘဲ သမ္မတရှီရက်က စစ်ပြီးကာလ အမေရိကန်ဆောင်ရွက်နေသည့် နည်းလမ်းများကို မထောက်ခံရန် ကတိပြုခဲ့သည်ဟု အရာရှိတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

အီရတ်နှင့် ပတ်သက်၍ မိမိတို့တွင် ဘုံဦးတည် ရည်ရွယ်ချက်တစ်ရပ်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့၌သဘောကွဲလွဲမှု အချို့ရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ရှီရက်က ပြောကြားသွားသည်။ **အမ်အင်အေ၊ရိုက်တာ**



## အီရတ်တို့ထံ အာဏာအမြန်လွှဲပေးရန် ဆန္ဒရှိ

**အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာကိုအီရတ်တို့ထံ အမြန်လွှဲပေးရန် ဆန္ဒရှိနေသည့်ဂျာမနီ ဝန်ကြီး ချုပ် ဂါဟာဒ်ရှရိုးဒါးကို ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ တွေ့ရစဉ်။**

## ပြင်သစ်၊ဘာရာဇီး၊အင်ဒိုနီးရှားနှင့်တောင်အာဖရိကခေါင်းဆောင်များ ကုလညီလာခံ၌ အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကိုဝေဖန်ပြစ်တင်

ကုလသမဂ္ဂ စက်တင်ဘာ ၂၄

**အီရတ်စစ်ပွဲအား ဝေဖန်ပြစ်တင်ရန် ကမ္ဘာ့ခေါင်းဆောင်များသည် ကုလသမဂ္ဂ၌ တာစူလျက်ရှိကြသည်။ သို့ရာတွင် အီရတ်ပြန်လည်ထူထောင်ရေး ကုလသမဂ္ဂအစီအစဉ်များကို ထောက်ခံကြဖွယ်ရှိသည်။**

ပြင်သစ်၊ ဘရာဇီး၊ အင်ဒိုနီးရှားနှင့် တောင်အာဖရိက ခေါင်းဆောင်အားလုံးသည် ကုလသမဂ္ဂအထွေထွေ ညီလာခံ၏ ဝန်ကြီးအဆင့် နှစ်ပတ်လည်အစည်းအဝေး စတင်သည့်နေ့တွင် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကို ဝေဖန်ပြစ်တင်ခဲ့ကြသည်။

ပြင်သစ်သမ္မတ ဂျက်ရှီရက်သည် အမေရိကန်အား ပွင့်ပွင့်လင်းလင်းမေးခဲ့ရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဦးတည်း အင်အားအသုံးပြုနိုင်ရန်နှင့် လက်ဦးမှုရယူ တိုက်ခိုက်ရန်၊ အခွင့်အရေးကို မိမိကိုယ် မိမိတို့မပေးနိုင်ကြောင်း၊ လုံခြုံရေးကောင်စီ အခွင့်အာဏာမရရှိဘဲ စစ်ပွဲဆင်နွှဲခြင်းသည် နိုင်ငံတကာစနစ်ကို ကိုင်လှုပ်ခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

ဘရာဇီးသမ္မတ လူလာကလည်း အီရတ်ပြန်လည် ထူထောင်ရေး အကျပ်အတည်းကို ကုလသမဂ္ဂ ခေါင်းဆောင်မှုဖြင့် ကျော်လွှားနိုင်ကြောင်း၊ ထိုသို့ကုလသမဂ္ဂက ခေါင်းဆောင်ရာတွင် လုံခြုံရေးအခြေအနေများ ပြန်လည်ထူထောင်ရေးသာမက အီရတ်တို့၏ အချုပ်အခြာအာဏာကို အမြန်ဆုံး ပြန်လွှဲပေးရေးသို့ ဦးတည်သော ညီမျှသည့် နိုင်ငံရေးနည်းလမ်းတစ်ရပ်လမ်းညွှန်မှု ပါဝင်ကြောင်း ပြောဆိုသည်။

တောင်အာဖရိကသမ္မတ သာမိုအမ်ဘီကီက မိန့်ခွန်းပြောကြားရာ၌လည်း ကုလသမဂ္ဂ၏ အနာဂတ်နှင့် ပတ်သက်၍ မေးခွန်းထုတ်စရာရှိကြောင်း၊ တိုက်ခိုက်မှုများနှင့် စစ်ပွဲများအဆုံးသတ်ရန်၊ ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲသားများ၏ မျှော်လင့်ချက်ပြည့်ဝစေရန် ဆင်းရဲချမ်းသာမရွေး လူတိုင်း လက်တွေ့ကျကျ ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆူကာနိုပူထရီက ပြောဆိုရာ၌ စစ်ပွဲသည် ပြဿနာများကို ဖြေရှင်းနိုင်ခြင်းထက် ပြဿနာကိုသာ ပိုကြီးထွားစေကြောင်း ပြောကြားသည်။ **(အင်တာနက်)**

# ကမ္ဘာ့အရေးတွင် အမေရိကန်ဦးဆောင်မှုအား မလိုလား ကျူးကျော်သိမ်းပိုက်သူများကို ခုခံတွန်းလှန်

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ အီရတ်ရဲအရာရှိများ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ လုပ်ရပ်များကို မကျေနပ်၍ ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)






အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အီရတ်တို့က ဘာသာရေးခေါင်းဆောင်နှင့် လူပေါင်းများစွာ သေဆုံးခဲ့ရသည့် နာဂျက်ဗ်ဗုံးခွဲမှုနှင့် ပတ်သက်ပြီး မကျေမနပ်ဖြစ်ကာ အမေရိကန်တို့အား ဆန့်ကျင်ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အီရတ်မှ အမေရိကန်တပ်များခြွင်းချက်မရှိ ရုပ်သိမ်းရန်တောင်းဆို သိမ်းပိုက်ထားမှုကြာရှည်လျှင် လက်နက်ကိုင်ခုခံမှုတွင် ပူးပေါင်းမည်

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

**အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်တပ်များက ကျူးကျော်သိမ်းပိုက်ထားမှုကို အီရတ်တို့က နေ့စဉ်နှင့်အမျှ ခုခံတိုက်ခိုက်လျက်ရှိရာ အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိသည်။**

အီရတ်နိုင်ငံအား ကျူးကျော် သိမ်းပိုက်ထားမှုကို ခုခံတွန်းလှန်သွားကြရန် ရှီးယားဘာသာရေးခေါင်းဆောင် တစ်ဦးက တိုက်တွန်းနှိုးဆော် ထားပြီး ဆက်လက်၍ သည်းခံနိုင်စိတ် မရှိတော့ကြောင်း သတိပေး ပြောကြားလိုက်သည်။ အမေရိကန်တို့သည် အီရတ်၌ ဘာသာရေးကိုအကြောင်းပြုပြီး အချင်းချင်း စိတ်ဝမ်းကွဲပြားအောင် ကြိုးပမ်းနေသည်ဟုလည်း ၎င်းကပြောဆိုသည်။

ထို့ပြင် အီရတ်ကို အမေရိကန်တို့ သိမ်းပိုက်ထားမှုအချိန်ကြာရှည်လျှင် လက်နက်ကိုင်ခုခံမှုတွင် ပူးပေါင်း၍ အမေရိကန်နှင့်ဗြိတိသျှတပ်များကို တိုက်မည်ဟု ထိပ်တန်း မွတ်စလင်ဘာသာရေး ခေါင်းဆောင်များက သတိပေးခဲ့သည်။

အီရတ်ပြည်သူတစ်ရပ်လုံးနှင့် အီရတ်ရှိဘာသာရေးခေါင်းဆောင်များအားလုံးက အမေရိကန်နှင့်ဗြိတိန်တပ်ဖွဲ့ဝင်များ အမြန်ဆုံးရုပ်သိမ်းပေးရန် တောင်းဆိုလျက်ရှိကြောင်း၊ အီရတ်အား ဆက်လက်သိမ်းပိုက်ထားလျှင် ခုခံတွန်းလှန်မှု၌ ပူးပေါင်းရန် အချိန်သိပ်မဝေးတော့ကြောင်း လက်ဘန္ဒန်ထိပ်တန်းရှီးယားဘာသာရေးခေါင်းဆောင် အယာတိုလာရှိပ်စ် မိုဟာမက်ဟူစိန်ဖက်ဒ်လာလာက ပြောကြားသည်။

ထို့အတူ အီရတ်ကို အမေရိကန်ဦးဆောင်တပ်များ သိမ်းပိုက်ထားမှုနှင့် ပတ်သက်၍လည်းကောင်း၊တစ်ကမ္ဘာလုံးကို အမေရိကန်ဦးဆောင်နေခြင်းကိုလည်းကောင်း သဘောထားစစ်တမ်းကောက်ယူရာတွင် ပြင်သစ်၌ လူ ၁၀ဦးလျှင် ခုနစ်ဦးက ကန့်ကွက်ပြီး အီတလီနှင့်ဂျာမန်လူမျိုးထက်ဝက်ကလည်း အမေရိကန်ဦးဆောင်မှုကို သဘောမတူကြောင်း ဖော်ပြကြသည်။

ထို့ပြင် ဥရောပနှင့်အမေရိကန်တို့အကြား သဘောထားကွဲပြားမှု ပိုမိုကျယ်ပြန့်လာကာ ယခုအခါ စစ်ပွဲဆင်ခြင်းနှင့် ကမ္ဘာ့အရေးကိစ္စ၌ အမေရိကန်ဦးဆောင်မှုတို့အပေါ် ထောက်ခံမှုကြီးမားစွာ လျော့နည်းကျဆင်းနေကြောင်း စစ်တမ်းများ၏ ဖော်ပြထားချက်အရ သိရှိရသည်။

**(အင်တာနက်)**

## မြန်မာ့အလင်း အီရတ်စစ်ပွဲမြင်ကွင်း

### စည်းလုံးညီညွတ်ကြရန် တိုက်တွန်း

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လမ်းတစ်လမ်းပေါ်၌ ဘာသာရေးခေါင်းဆောင်တစ်ဦးက အီရတ်ရှိမွတ်စလင်များအားလုံး စည်းလုံးညီညွတ်ကြရန် တိုက်တွန်းပြောဆိုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)





အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ အီရတ်တို့က အမေရိကန်ယူနီဖောင်းများကို မီးရှို့၍ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဦးဆောင်တပ်များ အီရတ်မှ အမြန်ဆုံးထွက်ခွာပေးရန် တောင်းဆိုထားသည့်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ဗီဒီယိုတိပ်ခွေကို ဒူဘိုင်းအခြေစိုက် အယ်အာရေဗျ အသံလွှင့်ဌာနက ထုတ်လွှင့်လျက်ရှိရာ အီရတ်ပြည်သူများ ကြည့်ရှုနားထောင်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# အီရတ်ကို ကျူးကျော်သည့် ဘုရှ်၏အစီအစဉ် ကမ္ဘာ့ခုနစ်နိုင်ငံကိုတိုက်မည့်အစီအစဉ်၏ရှေ့ဦးဖြစ်ကြောင်း အငြိမ်းစားဗိုလ်ချုပ်ကြီးကလပ်ခ်ပြောကြား

နယူးယောက် စက်တင်ဘာ ၂၅

**အီရတ်ကို အမေရိကန်ဦးဆောင်ပြီး ကျူးကျော်သိမ်းပိုက်ခြင်းသည် အောင်မြင်မှုမရသော်လည်း စစ်ရေးကြီးစိုးမှု၏ တကယ့်နမူနာတစ်ခုဖြစ်သည်ဟု အငြိမ်းစားဗိုလ်ချုပ်ကြီးနှင့် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် မျှော်လင့်ချက်အပြည့်ရှိထားသော ဝက်စ်လီကလပ်ခ်က စာအုပ်သစ်တွင် ရေးသားထားသည်။**

**အီရတ်ကိုကျူးကျော်တိုက်ခိုက်ပြီး ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချမည့် ဘုရှ်အစိုးရ၏အစီအစဉ်သည် အကြမ်းဖက်မှုကို ထောက်ကူပေးသည်ဟု အမေရိကန်နိုင်ငံက စွပ်စွဲထားသော ခုနစ်နိုင်ငံအား ငါးနှစ်ဆင်နွှဲမည့် စစ်ပွဲ၏ အစိတ်အပိုင်းဖြစ်ခဲ့ကြောင်းကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလ၌ မိမိ လေ့လာသိရှိခဲ့ရသည်ဟု လွန်ခဲ့သည့်အပတ်တွင် ၂၀၀၄ သမ္မတရွေးပွဲ၌ ပူးပေါင်း ပါဝင်လာခဲ့သူ ကလပ်ခ်က ပြောကြားသည်။**

**အမေရိကန်အစိုးရ၏ ထိုလုပ်ရပ်သည် မှားသည်ဟု မိမိယုံကြည်ကြောင်း ရှေ့လထုတ်မည့် ပြည်သူ့ရေးရာစာစောင်၌ ကလပ်ခ်က ရေးသားထားသည်။**

**အမေရိကန် ပြည်ထောင်စုသည် အီရတ်ကို စစ်ပွဲဆင်နွှဲမည်ဖြစ်ပြီး အီရတ်ပြီးလျှင် ဆီးရီးယား၊ လက်ဘနွန်၊ လစ်ဗျား၊ အီရန်၊ ဆိုမာလီနှင့် ဆူဒန်နိုင်ငံတို့ စစ်ဆင်နွှဲမည် ဖြစ်ကြောင်း ၂၀၀၁ နိုဝင်ဘာ၌ ပင်တဂွန်သို့ သွားစဉ် အဆင့်မြင့်စစ်ဘက်အရာရှိ တစ်ဦးက မိမိအား ပြောကြားခဲ့သည်ဟု ကလပ်ခ်က ရေးသားဖော်ပြထားသည်။**

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာကြီးကို အမေရိကန်က နိုင်ရာစားလောကသို့ ပြန်ရောက်အောင်လုပ်နေ

## ကုလအထွေထွေညီလာခံ အဖွင့်အစည်းအဝေး၌ အတွင်းရေးမှူးချုပ် ဝေဖန်

ကုလသမဂ္ဂ စက်တင်ဘာ ၂၄

**အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် စစ်ပြီးကာလ သိမ်းပိုက်မှုဝန်ထုပ်ဝန်ပိုးကို မျှဝေယူရေးအတွက် ကမ္ဘာသို့သဘောပေါက်အောင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က အင်္ဂါနေ့၌ ကြိုးပမ်းချိန်တွင် အီရတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ရန် ကုလသမဂ္ဂကို ရှောင်ကွင်းခဲ့ခြင်းအတွက် သမ္မတဘုရှ်သည် ဝေဖန်ခြင်း ခံနေရသည်။**

ဆက်ဒမ်ဟူစိန်နှင့် ပတ်သက်၍ အမေရိကန်၏ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂက အားမဖြည့်လျှင် ကုလသမဂ္ဂသည် ဆီလျော်မှုမရှိသော အဖွဲ့အစည်း ဖြစ်လာနိုင်စရာရှိသည်ဟု ဘုရှ်ကပြောဆိုခဲ့ပြီးနောက် ယခုကျင်းပသည့် အဖွဲ့ဝင် ၁၉၁ နိုင်ငံရှိသော အထွေထွေညီလာခံတွင် ဘုရှ်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ပြင်သစ်သမ္မတ ဂျက်ရှီရက်တို့၏ ပြစ်တင် ရှုတ်ချခြင်းကို ခံခဲ့ရသည်။

သို့ရာတွင် အီရတ်၌ ဖြစ်ပေါ်နေသော ဖရိုဖရဲဖြစ်မှု အခြေအနေနှင့် လက်နက်များ ရှာဖွေမည့် ကတိ မအောင်မြင်မှုတို့အတွက် ဘုရှ်သည် ဝန်ချတောင်းပန်ရန် စီစဉ်မထားပေ။

ညီလာခံ၌ ဘုရှ် မိန့်ခွန်းမပြောမီ မိနစ်ပိုင်း၌ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကုလသမဂ္ဂ အမိန့်အာဏာ မပါရှိဘဲ စစ်ရေးအရ တစ်ဖက်သတ်ဆောင်ရွက်ခြင်းသည် ကမ္ဘာကြီးကို နိုင်ရာစားလောကသို့ ပြန်ရောက်သွားစေမည့် လုပ်ရပ်ဖြစ်ကြောင်း ဝေဖန်လိုက်သည်။ **အမ်အင်အေ၊ရိုက်တာ**




# လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မယူဘဲ အီရတ်ကိုကျူးကျော်ခဲ့မှု

## နိုင်ငံစုံစနစ်ကိုကိုင်လှုပ်ခဲ့သည့် ဖြစ်ရပ်ဟု ဂျက်ရှီရက်ပြောဆို

ကုလသမဂ္ဂ စက်တင်ဘာ ၂၃

**ယနေ့ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ပြင်သစ်သမ္မတ ဂျက်ရှီရက်က မိန့်ခွန်းပြောကြားရာတွင် အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ကုလသမဂ္ဂက ကူညီဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အီရတ်ပြန်လည်ထူထောင်ရေးအတွက် လုံခြုံမှုရရှိရေးတွင် ပါဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်တစ်ရပ် အဓိကလိုအပ်ကြောင်း ပြောကြားသည်။**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို မရယူဘဲ အီရတ်နိုင်ငံအား ကျူးကျော်ခဲ့ခြင်းသည် နိုင်ငံစုံစနစ်ကို ကိုင်လှုပ်ခဲ့သည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတကာ ဥပဒေအရသာ ကမ္ဘာကြီး ငြိမ်းချမ်းရေးနှင့် လာမည့်မျိုးဆက်သစ်များအတွက် လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဓိက တာဝန်တစ်ရပ်သည် ငြိမ်းချမ်းရေးနှင့် လုံခြုံမှုထိန်းသိမ်းရေး ပင်ဖြစ်ကြောင်း၊ လုံခြုံရေးကောင်စီကို ချဲ့ထွင်ရန် လိုအပ်သည့်အပြင် လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အာဏာကိုလည်း ပိုမိုတိုးချဲ့ရန်လိုအပ်ကြောင်း၊ လုံခြုံရေးကောင်စီကသာ အင်အားအသုံးပြုမှု၏ အတိုင်းအတာကို ကန့်သတ် ပေးခွင့်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ တစ်ဖက်သတ် အင်အားသုံးစွဲခွင့်နှင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ခွင့်များမရှိကြောင်း ပြဋ္ဌာန်းရမည်ဖြစ်သည်ဟု ပြင်သစ်သမ္မတက ထည့်သွင်းပြောကြားသည်။

လုံခြုံရေးကောင်စီ အနေဖြင့် ကမ္ဘာ့အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါ သုံးစွဲရမည့် နည်းလမ်းများကို သုံးသပ်မည် ဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် အဆိုပါ နည်းလမ်းကိုသုံးစွဲရန် ထောက်ခံကြောင်း ပြောကြားခဲ့သည်။

**(စီအင်န်အင်န်)**

# ဖော်လူဂျာမြို့အနီး အမေရိကန်တပ်ဖွဲ့များကို အီရတ်တို့တိုက်ခိုက် ဆက်ဒမ်ပြန်လာရန်နှင့် အမေရိကန်တို့ထွက်သွားရန် အီရတ်တို့ကြွေးကြော်ဆန္ဒပြ

ဖော်လူဂျာ စက်တင်ဘာ ၂၄

**အီရတ်နိုင်ငံအရေး၌ နိုင်ငံတကာ၏အကူအညီကို အမေရိကန်တို့ မည်သည့်အတွက်ကြောင့် ရှာဖွေနေရသည်ဆိုသည်ကိုပြသရန် သာဓကတစ်ခု ယမန်နေ့က ဖြစ်ပွားခဲ့သည်။ ဖော်လူဂျာမြို့အနီးတွင် အမေရိကန်တပ်ဖွဲ့များ ပစ်ခတ်တိုက်ခိုက်ခြင်း ခံခဲ့ရသည့်အတွက် ၎င်းတို့က မြေပြင်နှင့် ဝေဟင်ကပါ ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရကြောင်း အမေရိကန်တို့က ပြောကြားသည်။**

အမှန်တကယ်မှာ အီရတ်နိုင်ငံတွင်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကို အကြောင်းပြကာ အီရတ်လူမျိုးများသည် လက်ရှိအခြေအနေ၌ မိမိတို့၏ လုံခြုံရေးကို တာဝန်ယူနိုင်စွမ်းမရှိသေးဆိုသောအကြောင်းပြချက်ကို အလွယ်တကူပေးပြီး အာဏာလွှဲပြောင်းရေးကို အမေရိကန် သမ္မတဘုရှ်အနေနှင့် ပိုမို အချိန်ဆွဲထားဖွယ်ရှိသည်။

ဘဂ္ဂဒက်စံတော်ချိန် ယမန်နေ့က နံနက် ၂ နာရီ၌ ဖော်လူဂျာမြို့အနီး အာလ်ဂျေးဇားရွာရှိ အမှတ်(၈၂)လေကြောင်းချီတပ်သည် ပစ်ခတ်တိုက်ခိုက်ခြင်း ခံခဲ့ရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ရာ တိုက်ခိုက်လာသူများသည် အနီးရှိ အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်ခိုအောင်းနေခြင်းကြောင့် အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

အမေရိကန်တို့၏ တိုက်ခိုက်မှုကြောင့် အီရတ်လူမျိုးတစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်တို့က ပြောကြားသည်။

သို့သော်လည်း အီရတ်သတင်းများအရ အနည်းဆုံး သုံးဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။ အာလ်ဂျေးဇားရွာသည် အမေရိကန်တို့ကို ပြင်းထန်စွာ ဆန့်ကျင်တော်လှန်နေသော ဖော်လူဂျာမြို့အနီးတွင်တည်ရှိသည်။ ပြီးခဲ့သည့် တနင်္လာနေ့ကလည်း ဆွန်နီမွတ်စလင်များက လမ်းမများပေါ်၌ ချီတက်ဆန္ဒပြကြကာ လေထဲသို့ သေနတ်များပစ်ဖောက်ကြပြီး ဆက်ဒမ်ဟူစိန်ပြန်လာရန်နှင့် အမေရိကန်တို့ ထွက်ခွာသွားရန် ကြွေးကြော်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

**(စီအင်န်အင်န်)**

# အီရတ်စစ်ပွဲသည် တရားမျှတမှု မရှိကြောင်း ဩစတြေးလျနိုင်ငံသားများက ယုံကြည်

ကင်မ်ဘာရာ စက်တင်ဘာ ၂၄

**အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက စစ်ပွဲဆင်နွှဲခဲ့ခြင်းသည် တရားမျှတမှု မရှိကြောင်း ဩစတြေးလျနိုင်ငံသား တစ်ဝက်ခန့်က ယုံကြည်ကြပြီး ဖိစရာခိုင်နှုန်းက ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် စစ်ပွဲတွင် ပူးပေါင်းခဲ့မှုအတွက် သူ၏အကြောင်းပြချက်များဖြင့် နိုင်ငံကိုလှည့်စားခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က လူထုသဘောထားစစ်တမ်းတစ်ခု၌ ဖော်ပြထားသည်။**

သို့သော်လည်း လှည့်စားခံရသည်ဟု ခံစားရသူ ပြည်သူ တစ်ဝက်နီးပါးခန့်က ဂျွန်ဟောင်းဝပ်၏ လိမ်ညာမှုသည် ရည်ရွယ်ချက် မရှိခဲ့ကြောင်းနှင့် အခြားသူများ၏ လိမ်ညာခြင်းကို ဂျွန်ဟောင်းဝပ်လည်းခံခဲ့ရသည်ဟု ယုံကြည်ကြကြောင်း အဆိုပါစစ်တမ်း၌ ဖော်ပြထားသည်။

အီရတ်စစ်ပွဲကို တရားဝင်ဖြစ်စေရန်အတွက် အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များနှင့်ပတ်သက်သည့် ထောက်လှမ်းရေးသတင်းကို အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျအစိုးရတို့က ကြိုးကိုင်ခြယ်လှယ်ခဲ့သည်ဆိုသော အခိုင်အမာပြောဆိုချက်များအပေါ် အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့တွင် အငြင်းပွားခဲ့ကြသည်။

အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များကို ယခုထိ ရှာဖွေတွေ့ရှိခြင်း မရှိပေ။

**အမ်အင်အေ၊ရိုက်တာ**

# ကုလသမဂ္ဂအား အာဏာလွှဲရန် အိမ်ဖြူက သဘောမတူလျှင် အီရတ်အတွက် ငွေကြေးသစ်ကို ထိန်းချုပ်ထားရန် လှုံ့ဆော်တိုက်ပွဲဆင်နွှဲ

**ဝါရှင်တန် စက်တင်ဘာ ၂၅**

ကုလသမဂ္ဂအား အာဏာလွှဲပြောင်းပေးရန် အိမ်ဖြူက သဘောမတူလျှင် အီရတ်နိုင်ငံအတွက် ငွေကြေးရန်ပုံငွေသစ်ကို ထိန်းချုပ်ထားရန် စစ်ဆန့်ကျင်ရေး အမေရိကန်လှုပ်ရှားသူများက ကွန်ဂရက်ကိုတောင်းဆိုသော နိုင်ငံလုံးဆိုင်ရာ လှုံ့ဆော်တိုက်ပွဲတစ်ရပ်ကို ဗုဒ္ဓဟူးနေ့က စတင်ဆင်နွှဲလိုက်ကြသည်။

ရပ်မြင်သံကြားနှင့် ပုံနှိပ်ကြော်ငြာများသည် အီရတ်တွင် အမေရိကန်ပြည်ထောင်စု၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ပြည်သူလူထု၏ စိုးရိမ်ပူပင်မှုကို ဥပဒေပြုအမတ်များအနေဖြင့် ဖြေရှင်းပေးရန် ရည်ရွယ်ကြောင်း မိန်းပြည်နယ် ဒီမိုကရက်အမတ်ဟောင်း၊ စစ်ကင်းမဲ့သော အောင်နိုင်အုပ်စု ညွှန်ကြားရေးမှူး တွမ်အင်ဒရူးက ပြောကြားသည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်တွင် စစ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ငွေကြေးပံ့ပိုးရန်အတွက် ဒေါ်လာ ၈၇ ဘီလီယံကို ကွန်ဂရက်၌ ပြီးခဲ့သည့်အပတ်က တောင်းခံခဲ့သည်။ ထိုအစီအစဉ်ကို အမေရိကန် ၆၀ ရာခိုင်နှုန်းကျော်က ဆန့်ကျင်ခဲ့ကြသည်ကို မကြာမီက ပြုလုပ်ခဲ့သော လူထုသဘောထားစစ်တမ်းအရ သိရသည်။

ဒေါ်လာ ၂၀၀၀၀၀ အကုန်ခံပြီး ပြုလုပ်သော အဆိုပါ လှုံ့ဆော်တိုက်ပွဲသည် ငွေကြေးပံ့ပိုးရေး အိမ်ဖြူ၏တောင်းဆိုချက်ကို အီရတ်၌ အာဏာလွှဲပြောင်းရေးတောင်းဆိုချက်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်စ်ဖဲလ်ကို ရာထူးမှထုတ်ပယ်ရေး တောင်းဆိုချက်တို့ဖြင့် တုံ့ပြန် တိုက်ခိုက်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# ကုလသမဂ္ဂကို အလွဲသုံးစားမပြုမိရန် သတိထား

**(၂၀၀၃ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့စွဲပါ အင်တာနက်ပေါ်မှ George Monbiet ၏ Beware the Bluewash ဆောင်းပါးကို မြန်မာဘာသာသို့ ကောက်နုတ်ပြန်ဆို ဖော်ပြပါသည်။)**

အမေရိကန်အစိုးရ၏ ပြဿနာမှာ စိတ်ကူးယဉ်မှုကြီး နှစ်ရပ်ပေါ်တွင် သူ၏ နိုင်ငံခြားရေးမူဝါဒကိုတည်ဆောက်ထားမှုဖြစ်သည်။ ပထမအချက်မှာ မချုပ်တည်းနိုင်မှုဖြစ်ပြီး၊ ဒုတိယအချက်မှာ အချိန်ရလာသည်နှင့်အမျှ ဘဝ တိုးတက်လာလိမ့်မည်ဟူသော စိတ်ကူးယဉ်မှုဖြစ်လေသည်။ အီရတ်နိုင်ငံ၌ ထိုအချက်နှစ်ရပ်ကြားတွင် ညှပ်ပူးညှပ်ပိတ်မိနေခြင်းဖြစ်သည်။

အီရတ်အား အမေရိကန်တို့တိုက်ခိုက်သိမ်းပိုက်အုပ်ချုပ်နေခြင်းမှာ အချိန်ကြာလာသည်နှင့်အမျှ ကျားမြီးဆွဲရသလိုဖြစ်နေကြောင်း သဘောပေါက်ကာ အမေရိကန်တို့ နောင်တရသင့်သည်။

အမေရိကန်နိုင်ငံခြားရေးမူဝါဒကို ဆန့်ကျင်သူများကလည်း အလားတူပင် စိတ်ကူးယဉ်ရပ်တည်ချက်မျိုးဖြင့် တုံ့ပြန်ပုံရသည်။ ၎င်းတို့ကတော့ ဤပြဿနာကို တစ်ဖက်သတ်တစ်နိုင်ငံတည်းဖြေရှင်း၍မရ၊ နိုင်ငံအားလုံး ပါဝင်ဆောင်ရွက်မှ ပြေလည်လိမ့်မည်ဟု ယူဆထားကြပြန်သည်။

အီရတ်အုပ်ချုပ်ရေးတွင် ကုလသမဂ္ဂကမှ အမေရိကန်ထက်ပိုမိုသဘာဝကျလိမ့်မည်။ ထို့ကြောင့် အီရတ်နိုင်ငံပြန်လည် တည်ဆောက်ရေးနှင့် အသွင်ကူးပြောင်းရေးကို ကုလသမဂ္ဂက ကြီးကြပ်ဆောင်ရွက်လျှင် အောင်မြင်မည့် လက္ခဏာရှိသည်။ အကယ်၍ အမေရိကန်က ကုလသမဂ္ဂလက်သို့ ထိုးအပ်မည်ဆိုလျှင် ယခုထက်ပိုမိုတရားမျှတ ကြင်နာသည့် ကမ္ဘာကြီးတစ်ခုထွန်းသစ်ပေါ်ထွက်လာမည့်လက္ခဏာရှိသည်။ ဤသည်တို့မှာလည်း သေချာလှသည်မဟုတ်၊ ဆောက်ဖြစ်မှ ကျောင်းဒကာပင်။

အမေရိကန်တို့ တိုက်ခိုက်သိမ်းပိုက်အုပ်ချုပ်မှုမှ ကုလသမဂ္ဂလက်အောက်သို့ ပြောင်းလဲပေးလိုက်လျှင် ချက်ချင်းလက်ငင်းနှင့် သိသိသာသာအန္တရာယ်မှာ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် အမေရိကန်တို့စွန့်စားလုပ်ဆောင်၍ မအောင်မြင်သမျှတို့ကို လာထည့်သည့် အမှိုက်ပုံးဖြစ်လာမည့် အန္တရာယ်ပင် ဖြစ်သည်။ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဗြိတိန်တပ်ဖွဲ့ဝင်များမှာ နောက်ထပ်တိုး၍ မသေသင့်၊ သူတို့နေရာတွင် အိန္ဒိယ၊ သို့မဟုတ် တူရကီတပ်ဖွဲ့ဝင်များဖြင့် အစားထိုးရမည်။ သို့သော် စစ်ဆန့်ကျင်သူအစိုးရများထက် အီရတ်သို့ တပ်များ စေလွှတ်တိုက်ခိုက်စေသည့် အစိုးရများအနေဖြင့် နောက်ဆက်တွဲဖြစ်ရပ်များအတွက် သူတို့ပြည်သူများကိုသူတို့ ရှင်းပြသင့်သည်။

မွတ်စလင်ကမ္ဘာရှိချောင်ကြိုချောင်ကြားမကျန်မှ အီရတ်နိုင်ငံအတွင်းသို့ ယခုဝင်လာကြသည့် ဘာသာရေးစစ်ဆင်နွှဲသူများက စစ်ဝန်ထမ်းများနှင့်ကုလသမဂ္ဂ တည်ဆောက်ရေးသမားများအကြား မခွဲခြားသလောက်ပင် သဘောထားကြတော့မည်ဖြစ်ကြောင်း လွန်ခဲ့သည့် ရက်သတ္တပတ်က ဘဂ္ဂဒက်မြို့တော်ရှိကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို ရက်ရက်စက်စက်ဗုံးခွဲမှုကပြသလိုက်သည်။ စေလွှတ်မည်ဟု မျှော်လင့်ရသည့်အိန္ဒိယတပ်ဖွဲ့ဝင်များကိုလည်း အနောက်အုပ်စု တပ်ဖွဲ့ဝင်များထက် ပိုညှာလိမ့်မည်ဟု မျှော်လင့်၍ မဖြစ်နိုင်တော့။

ကုလသမဂ္ဂအနေဖြင့် လွှဲပြောင်းတာဝန်ယူပြီးနောက်တွင် သူ့အုပ်ချုပ်ရေးမှာလည်းယခင်ကထက်ပိုမိုအောင်မြင်မလာကြောင်း အမြန်ဆုံးသိလာလိမ့်မည်။ ထို့ထက်အထင်အမြင်အသေးခံရသည့် ကုလသမဂ္ဂအနေဖြင့်ယင်း၏တပ်များဖြင့် အစားထိုးလိုက်ခြင်းဖြင့် လာမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဂျော့ဘုရှ်အနိုင်ရရန် လိုကောင်းလိုမည့်ထွက်ပေါက်ကို အမေရိကန်အစိုးရအား ပေးလိုက်သလိုဖြစ်လိမ့်မည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အိမ်သို့ အမြန်ဆုံး ပြန်ရောက်သည်နှင့်အမျှ၊ သမ္မတဘုရှ်အနေဖြင့်သူဖန်တီးခဲ့သော ဇာတ်ရှုပ်အတွက် တာဝန်ရှိမှုတွင်သာမက အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကူညီရမည့် သူ့တာဝန်မှ ကင်းလွတ်သွားနိုင်သည်ဟု မျှော်မှန်းရသည်။

အရေးကြီးဆုံးမှာ အမေရိကန်သမ္မတဘုရှ်လုပ်သမျှ နောက်က ကောက်သင်းကောက် လက်စသိမ်းပေးရန် အသင့်ရှိကြောင်း ကုလသမဂ္ဂက ပြသနေလျှင် အခြားနိုင်ငံများအား နိစ္စဓူဝ စစ်ဆင်တိုက်ခိုက်လိုသည့် အမေရိကန်၏ စိတ်ဓာတ်ကို မြှောက်ပင့်ပေးရာ ကျလိမ့်မည်ဆိုသောအချက်ကို သတိပြုသင့်သည်။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံရေးသမားတို့က ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေကြသည်မှာမြင်သာသည်။ သို့သော် အမေရိကန်တပ်ဖွဲ့ဝင်တို့အဖို့ အခြားသောစစ်မြေပြင်နှင့်နှိုင်းစာလျှင် အီရတ်တွင် အန္တရာယ်အနည်းဆုံး ဖြစ်ကောင်းဖြစ်နိုင်သည်။ အမေရိကန်စစ်ဌာနချုပ်က တစ်ချိန်တည်းတွင် စစ်တစ်ပွဲထက် ပိုတိုက်ရန် တုံ့ဆိုင်းလျက်ပင် ရှိသေးသည်။ ဥဒါဟရဏ်တစ်ခုကား အမေရိကန်သည် အီရန်နှင့် မြောက်ကိုရီးယားတို့ကို ဒုံးကျည်အစား၊ သံတမန်နည်းလမ်းများဖြင့်သာ ချဉ်းကပ်၍ ပြဿနာကို ဖြေရှင်းနေသည်။ အဓိပ္ပာယ်မှာ အီရတ်ပြဿနာ မပြီးမချင်း အမေရိကန်အဖို့ စစ်တိုက်ဖို့ တပ်ဖွဲ့ဝင်ရော၊ အခြားအရင်းအမြစ်ပါ မရှိတော့ခြင်း ဖြစ်သည်။ ရိုးသားပြီး ရဲရင့်သည့်ဝန်ထမ်းများ အများအပြားရှိသော ကုလသမဂ္ဂမှာ အမေရိကန်ထက်စာလျှင် အီရတ်ကိုအုပ်ချုပ်ရန် တရားမျှတသင့်လျော်သည်မှာ ထင်ရှားသည်။

ယခုအခါ အမေရိကန်နိုင်ငံသည် သူ့သဘောထားကို အခြားနိုင်ငံများက ပစ်ပယ်၍မရ၊ အခြားအစိုးရများ၏ ဗီတိုအာဏာကို သူ့အစိုးရက လျစ်လျူပြုနိုင်ပြီး သူ့ဗီတိုအာဏာကိုတော့ အခြားအစိုးရများက လျစ်လျူရှုပစ်ပယ်၍ မရနိုင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တစ်ခုတည်းသော နိုင်ငံဖြစ်နေသည်။ တစ်နည်းဆိုရသော် ကုလသမဂ္ဂသို့ ပခုံးပြောင်းတာဝန်လွှဲပေးရေးမှာ အမေရိကန်သမ္မတဘုရှ် မီးစိမ်းမပြဘဲ မဖြစ်နိုင်ပေ။ တစ်ဖန်သမ္မတဘုရှ်ကလည်း သူ့အကျိုးစီးပွားမပါဘဲ ခွင့်ပြုမည်မဟုတ်။ ကုလသမဂ္ဂမှာ အီရတ်အား အရေးယူပိတ်ပင်ခဲ့မှုနှင့် ယင်း၏ပထမဆုံးလက်နက် စစ်ဆေးရေးလုပ်ငန်းတွင် အမေရိကန် စီအိုင်အေ ထိုးဖောက်ဝင်ရောက်မှုတို့ကြောင့် အီရတ်တွင် နာမည်ပျက်၊ အရှက်ရပြီးနောက် ကုလသမဂ္ဂ၏အနေအထားမှာ အမေရိကန်နိုင်ငံခြားရေးဝါဒ၏ လက်နက်တန်ဆာပလာတစ်ခုထက် မပိုသလောက်အထိ သိက္ခာကျခဲ့သည်။

**လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံတို့ အုပ်စီးထားသည့် ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင် ဒီမိုကရေစီ မကျင့်သုံးသေးသမျှ၊ ဘယ်နေရာဘယ်အရပ်က ဒီမိုကရေစီအသွင် ကူးပြောင်းရေးကိုမှ ကြီးကြပ်ဖို့ ကုလသမဂ္ဂ၌ တော်တည့်ဖြောင့်မတ်စွာ ဩဇာတိက္ကမ ရှိကြောင်း မည်သို့ပြောနိုင်ပါအံ့နည်း။**

ဤသို့သော အခြေအနေတွင် ရိုးသားတည်ကြည်သော ကြားဝင်စေ့စပ်သူအဖြစ် လက်ခံရန် ခဲယဉ်းသည့် ဗြိတိန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ တာဝန်ကို စတင်ယူလိုက်မှုကြောင့် ပိုဆိုးသွားရသည်။ ထို့ကြောင့် ကုလသမဂ္ဂလုပ်ပိုင်ခွင့်ကို ဥပဒေနှင့်ဆန့်ကျင်ကာ တိုက်ခိုက်သိမ်းပိုက် အုပ်စိုးနေမှုကို နောက်ကြောင်းပြန်၍ တရားဝင်ဖြစ်အောင် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအမည်ကို အလွဲသုံးစားပြုမှုအဖြစ် အီရတ်တို့က သဘောထားလာကောင်းလာနိုင်သည်။

အမေရိကန်အစိုးရကတော့ ကုလသမဂ္ဂအနေဖြင့် အီရတ်တွင် တစ်ဆင့်ခံကန်ထရိုက်အဖြစ်သာ ဝင်ရောက်လုပ်ကိုင်ပေးရန်ဟူ၍ ရှင်းလင်းဖွင့်ဟပြီးဖြစ်သည်။

အီရတ်ရောက် နိုင်ငံခြားတပ်များအနေဖြင့် ကုလသမဂ္ဂအမိန့်ထက် အမေရိကန်အစိုးရ၏ အမိန့်ကိုနာခံရမည်။ အမေရိကန်တို့က အီရတ်နိုင်ငံကို တိုက်ခိုက်သိမ်းပိုက်အုပ်ချုပ်ခြင်းကြောင့် ဒေသစိုးမိုးမှုရယူကာ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ရေနံမြေကို ထိန်းချုပ်ထားနိုင်သည်။

ထို့ပြင် အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ရုဖို့ဝစ်ဇ် အရိပ်အမြွက်ပြောသကဲ့သို့ ဆော်ဒီအာရေဗျရှိ အမေရိကန်တပ်များကို ရုပ်သိမ်းခွင့်ရလိုက်သည်။ ရီပတ်ဘလီကန်ပါတီကို ငွေကြေးထောက်ပံ့သူများမှာ အကျိုးရှိသော အီရတ်ပြန်လည်တည်ဆောက်ရေး ကန်ထရိုက်များရကာ ယခုအခါ စတင်အကျိုးခံစားနေကြသည်။ ရုရှားနှင့်ပြင်သစ်တို့မှာမူ သူတို့၏မလိမ္မာမှုအတွက် ပြစ်ဒဏ်ခံရသည့်အလား စားပေါက်စားကွက် ပိတ်နေသည်။

ယခုအခါအမေရိကန်သည် အရှေ့အလယ်ပိုင်း ပင်လယ်ရေကြောင်းလမ်းကို အုပ်စီးထားလိုက်သည့်အပြင် ဗဟိုအာရှနှင့် အနောက်အာဖရိကရေနံမြေများကိုပါ လက်ဝါးကြီးအုပ်ထိန်းချုပ်ထားလိုက်သည်။ ထိုမျှမကအမေရိကန်သည် ပြည်ပရေနံအပေါ်တွင် မှီခိုနေရသော အာရှနိုင်ငံအချို့အတွက် ရေနံဂယ်ပေါက်ကို ပိတ်ဆို့ဖြတ်တောက်နိုင်သည့် အခြေအနေသို့ဆိုက်ရောက်နေသည်။

**နောက်ဆုံးအီရတ်ပြည်သူများအားကိုယ်ပိုင် အစိုးရရွေးချယ်ခွင့်ပေးရသည့်တိုင်အောင် အမေရိကန်ကိုလိုလားသည့်ပါတီကိုသာ အီရတ်ပြည်သူတို့က ရွေးချယ်ပေးဖို့ အမေရိကန်တို့က ကြိုးပမ်းနေပေလိမ့်မည်။ အီရတ်မဲဆန္ဒရှင်ပြည်သူများက ငုံ့မခံမှသာလျှင် အမေရိကန်က ထိုအခွင့်အရေးကို လက်လွှတ်လိမ့်မည် ဖြစ်သည်။**

ထို့ကြောင့် အီရတ်တွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ် ထားရှိခြင်းဖြင့် ဥပဒေနှင့် ဆန့်ကျင်သည့်ပုံစံကို ဖြေဖျောက်ရန်လုပ်ဆောင်ခြင်းထက် တရားမျှတသည့် ဖြေရှင်းမှုပြုလုပ်ရန် ကျွန်ုပ်တို့တောင်းဆိုရမည်ဖြစ်သည်။ ဆိုလိုသည်မှာ စစ်မှန်သော ဒီမိုကရေစီသို့အမြန်ဆုံး ကူးပြောင်းပေးဖို့ဖြစ်ပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးညီလာခံတစ်ရပ်နှင့်အတူ အီရတ်ပြည်သူများအား အာဏာလွှဲပေးရေးကို ချက်ချင်းစတင်ရန် ကမ္ဘာ့နိုင်ငံသားဖောင်ဒေးရှင်းမှ ထရှိုင်းဒေးဗစ်က အကြံပြုထားသည်။ ယင်းအစီစဉ်အရ မဖြစ်နိုင်သည့် ဒီမိုကရေစီကိုထည့်မတွက်ဘဲ၊ အမျိုးသားစေ့စပ်ဆွေးနွေးရေးနှင့် ရင်ကြားစေ့ရေး၊ သူတို့ကြိုက်သော အစိုးရကိုသူတို့ဖွဲ့စည်းရန် ဆုံးဖြတ်ခွင့်ရရေးတို့ကို ပြည်သူများအားခွင့်ပြုရမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် လုပ်ငန်းအစကပင်အီရတ်ပြည်သူများက (အမေရိကန်များမဟုတ်) ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြီးကြပ်ကွပ်ကဲရမည်ဖြစ်သည်။

ဤသည်မှာ အမေရိကန်အစိုးရလျှောက်လှမ်းရမည့် သဘာဝကျသော ယုတ္တိတန်သော၊ တရားမျှတသော လမ်းကြောင်းဖြစ်သည်။ သို့သော် ဤလမ်းကြောင်းကို အမေရိကန်တို့လျှောက်လှမ်းမည့် လက္ခဏာမရှိပါပေ။

ထို့ကြောင့် နောင်တစ်နေ့သောအခါတွင် အီရတ်ကို သိမ်းပိုက်အုပ်ချုပ်မှုစရိတ်စကများ ဆက်မထိန်းနိုင်တော့မှသာ အမေရိကန်တို့ ချိန်ခါမသင့်လက်လွှတ် ဆုတ်ခွာထွက်ပြေးရပေတော့မည်။ တစ်ချိန်က ဆိုဗီယက်လွှမ်းမိုးမှုကို အာဖဂန်နစ္စတန်က ဖယ်ရှားလိုက်သကဲ့သို့ မျက်မှောက်ခေတ်တွင် အမေရိကန်သမ္မတ ဘုရှ်နှင့် သူ၏ကျူးကျော်သိမ်းပိုက် အုပ်ချုပ်ရေးအစီအစဉ်ကို အီရတ်အရေးတော်ပုံက ဝါးမျိုသွားပါလိမ့်မည်။ ။



**အီရတ်နိုင်ငံ မိုဆိုးလ်မြို့လယ်တွင် မြေမြှုပ်မိုင်းထိ၍ မီးလောင်ပျက်စီးသွားသော အမေရိကန်စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာသတင်း

# အီရတ်တို့ကို အာဏာအမြန်ဆုံး ပြန်လွှဲမပေးလျှင် ဆုံးဖြတ်ချက်ကို ပြင်သစ် မဲမပေးဘဲနေမည်

**နယူးယောက် စက်တင်ဘာ ၂၄**

**အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၏အချုပ်အခြာအာဏာကို အီရတ်ပြည်သူများထံ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးရန် ပြင်သစ်နိုင်ငံက လိုလားလျက်ရှိကြောင်းနှင့် သို့မဟုတ်ပါက အမေရိကန်၏ဆုံးဖြတ်ချက်မူကြမ်းကို ပြင်သစ်နိုင်ငံက ကုလသမဂ္ဂတွင် မဲမပေးဘဲ ကြားနေသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတက ဖိအားပေးပြောကြားသည်။**

နယူးယောက်တိုင်းမ်သတင်းစာအား ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားရာ၌ ပြင်သစ်သည် အမေရိကန်၏ ဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာသုံးပြီး ပယ်မချသော်လည်း ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး အချက်သုံးရပ်ပါရှိမည်ဖြစ်ကြောင်း၊ ပထမအချက်မှာ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အီရတ်အုပ်ချုပ်ရေးကောင်စီလက်သို့ အမြန်ဆုံးလွှဲပြောင်းပေးရန်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ အာဏာအစစ်အမှန်ကို လွှဲပြောင်းပေးမည့် တိကျသော အချိန်ကာလသတ်မှတ်ပေးရမည်ဖြစ်ကြောင်းနှင့်နောက်ဆုံးအချက်မှာ အီရတ်နိုင်ငံအုပ်ချုပ်ရေးမှာ ကုလသမဂ္ဂကို အဓိကအခန်းကဏ္ဍ၌ ထားရှိရန်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ထို့အပြင် ပြင်သစ်နိုင်ငံသည် ၎င်း၏တပ်ဖွဲ့များကို အီရတ်နိုင်ငံသို့ စေလွှတ်မည်မဟုတ်ကြောင်း သမ္မတ ဂျက်ရှီရက်က ဆက်လက်ပြောကြားလိုက်သည်။ **(စီအင်န်အင်န်)**

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

## တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများမှာကြား

ရန်ကုန် စက်တင်ဘာ ၂၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ သွားရောက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ဆိပ်ကြီးခနောင်တို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက ဆိပ်ကြီးခနောင်တိုမြို့နယ်ကို ရန်ကုန်မြို့တော်ကြီးရှိ မြို့နယ်များနည်းတူ ကွာခြားချက် နည်းနိုင်သမျှနည်းအောင် အဆင့် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်က ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများ၊ စိုက်ပျိုးရေးကဏ္ဍ အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကျောင်းဆောင်သစ်ကို အရည်အသွေး စံချိန်စံညွှန်းမီဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဒလမြို့ မြို့မရပ်ကွက်နှင့် အံ့ကြီးအရှေ့ရပ်ကွက်တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ကမာအောင်ချောင်းကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်း၊ တံတားဌာနမှူး ဦးဗိုလ်ဌေးက ကမာအောင် တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကမာအောင် ချောင်းကူးတံတားသည် အရှည်ပေ ၁၉၀၊ ယာဉ်သွားအကျယ် ၁၂ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် နှစ်ပေစီ ပါရှိမည်ဖြစ်သည်။ တံတားကို ပြည်သူလူထုထည့်ဝင်ငွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ထည့်ဝင်ငွေများဖြင့် တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၂၄ ရက်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပမည့် မူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးအဆင့် အစည်းအဝေး (Ministerial Meeting of the Signatory Countries to the 1993 Memorandum of Understanding on Drug Control) MoU ခြောက်နိုင်ငံ (၅)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ရန် ထွက်ခွာရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

## ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေအား လူကုန်ကူးမှုတိုက်ဖျက်ရေး ယူအင်န်အိုင်အေပီစီမံကိန်းမန်နေဂျာတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၅

**မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေအား မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေး ကုလသမဂ္ဂအစီအစဉ် (UNIAP) ဗန်ကောက်အခြေစိုက် ဒေသဆိုင်ရာရုံးမှ စီမံကိန်းမန်နေဂျာ ဒေါက်တာဒေါ်စုစုသာထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူး ဒေါက်တာဒေါ်အိကလျာမိုးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်၊ မှုခင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ဝင်း၊ နိုင်ငံတကာဆက်ဆံရေး ညွှန်ကြားရေးမှူး ရဲမှူးကြီးစစ်အေး၊ ဒုတိယရဲမှူးကြီး ရာလျန်မုန်းနှင့် ရဲမှူး အောင်သန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှုကြိုသင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၅**

ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကိုယ်ပိုင်တွေးခေါ်မှု၊ တီထွင်ဖန်တီးမှုနှင့် စူးစမ်းလေ့လာလိုစိတ်များ ရင့်သန်လာစေရန် ရည်ရွယ်၍ York Childcare Center မှ Computer, TV, Video, Audio စသည့် သင်ကြားမှု အထောက်အကူပစ္စည်းမျိုးစုံဖြင့် သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ပညာရေးအထောက်အကူပြု ကစားစရာများ၊ ကိုယ်လက်လှုပ်ရှားမှုများကိုလည်း ပြုလုပ် ဆော့ကစားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

သင်တန်းချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ (အစိုးရရုံးပိတ်ရက်များမှအပ) နံနက် ၉နာရီမှ ညနေ ၄ နာရီအထိဖြစ်ကြောင်းနှင့် အမှတ် ၅၉ (B)၊ ယောမင်းကြီးလမ်း (York Road)၊ ဒဂုံမြို့နယ် ဖုန်း – ၂၅၂၄၆၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

## မိုးရာသီအကုန် အထူးဈေးရောင်းပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

အထူးလျှော့ဈေးနှုန်းများဖြင့်ရောင်းချမည့် Ginvera Cosmetics ၏ မိုးရာသီအကုန် အထူးဈေးရောင်းပွဲကို မြေနီကုန်း ဒဂုံစင်တာ Shopping Mall ပထမထပ်၌ စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်နေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပရောင်းချသွားမည်ဖြစ်သည်။

အဆိုပါပွဲတွင် Ginvera ၏ Cream Series၊ Green Tea Series၊ Color Cosmetic မှ မျက်နှာလိမ်းအလှကုန်များ၊ ခေါင်းလျှော်ရည်များ၊ ရေချိုးဆပ်ပြာများနှင့် ကလေးပစ္စည်းများကို အများဆုံး ၇၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးများဖြင့် ရောင်းချသွားမည့်အပြင် အစဉ်အမြဲ ဝယ်ယူအားပေးသူများအတွက်လည်း ကံစမ်းမဲလက်ဆောင်များဖြင့် ပြန်လည်တုံ့ပြန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(က–ပ)**

## ဂုဏ်ထူးနှင့် ဘက်စုံပညာထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၅**

လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၂–၂၀၀၃ ခု ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ ဂုဏ်ထူးရကျောင်းသားများနှင့် ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း မြညီလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး တက်ရောက်၍ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ ဂုဏ်ပြုဆုများအနက် ရန်ကုန်တက္ကသိုလ်မှ ကျင်းပသော သင်္ချာအိုလံပစ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဒုတိယရရှိခဲ့သူ မသီဂီဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးတို့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးက ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ကျောင်းအုပ်ဆရာမကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်သည်။

အဆိုပါကျောင်း၏ ၂၀၀၂–၂၀၀၃ ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၄ ဦး၊ ရိုးရိုးအောင်မြင်သူ ၂၂၂ ဦးတို့ အောင်မြင်ခဲ့ကြသည်။ ၂၀၀၂–၂၀၀၃ ခု ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ကျင်းပသော သင်္ချာအိုလံပစ်ပြိုင်ပွဲ၌ ဗဟိုအဆင့်တွင် ဒုတိယတစ်ဦး ရရှိခဲ့သည်။ အဆိုပါကျောင်းသည် ရန်ကုန်တိုင်း၌ အောင်ချက်အကောင်းဆုံး ဒုတိယဖြစ်သည်။ **(သတင်းစဉ်)**



**၂၀၀၃ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြို လှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်နှင့် ဆေးဝါးများလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်တွင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာတွင် ကျင်းပရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ငွေပဒေသာပင်စိုက်ထူလှူဒါန်းငွေကျပ်တစ်သိန်းနှင့် ဆေးဝါးများကို ရွှေသံလွင်ဘိုးဘွားရိပ်သာ စီမံခန့်ခွဲရေးအဖွဲ့ အမှုဆောင်ကော်မတီဥက္ကဋ္ဌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## သူနာပြုသင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

သူနာပြုဝါသနာပါသူများ၊ အကူသူနာပြုအလုပ် လုပ်ကိုင်လိုသူများ၊ မိမိ၏မိသားစုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလိုသူများအတွက် အကူသူနာပြုသင်တန်း တန်းခွဲသစ်များကို သူနာပြုတက္ကသိုလ်မှ သူနာပြုသိပ္ပံဘွဲ့(B.N.Sc)၊ သူနာပြုမဟာသိပ္ပံဘွဲ့ရ(M.N.Sc)ဆရာဆရာမများ ကိုယ်တိုင် စနစ်တကျ သင်ကြားပေးမည်ဖြစ်ရာ ချမ်းမြေ့မေတ္တာ သူနာပြုဝန်ဆောင်မှုလုပ်ငန်း ၁၃၆ (ပထပ်)၊ လမ်း ၄၀(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၂၈၂၈၂၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(က–ပ)**

**နေမျိုး စာပဒေသာစာအုပ်တိုက်၊ အမှတ် ၁၂၈၊ ၃၄ လမ်း (အလယ်)၊ ရန်ကုန်မြို့၊ ဖုန်း – ၂၄၂၃၈၂ က ထုတ်ဝေဖြန့်ချိသော တာရာမင်းဝေ၏ ကျွန်တော်နှင့် ကြယ်မြင်လမြင် လောကစံ စာအုပ်မျက်နှာဖုံး။** (က–ပ)




## ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

## ပညာရည်ချွန်ဆုချီးမြှင့်မည်

**ထားဝယ် စက်တင်ဘာ ၂၅**

၂၀၀၁–၂၀၀၂ နှင့် ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တို့တွင် အခြေခံပညာ အထက်တန်းကျောင်း စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ပြီး သက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ကြားခွင့်ရရှိသော ထားဝယ်အသင်းဝင်များ၏ သားသမီးများမှ ပညာသင်ဆုနှင့် ၂၀၀၂–၂၀၀၃ ခုနှစ်တွင် (ဒသမတန်း)ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ရန်ရှိပါ၍ အသင်းတွင် လျှောက်လွှာပုံစံများ ရယူဖြည့်စွက်ပြီး ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် ဖြစ်ကြောင်း သိရသည်။ (က–ပ)

# သားငါးပွံ့ဖြိုး ပြည်အကျိုး

# စာပလ္လင်ခင်မြင့်မှ လက်ဦးဆရာမ

**ယုဝတီခင်စိန်လှိုင်**

**'မြန်ပြည်တစ်လွှား၌**
**သတင်းမွှေးမွှေး**
**ခင်ခင်လေးဟု**
**ပြည့်ပြည့်စုံစုံ**
**ဒဂုန်ဆင့်သော်**
**အများအသိပေး**
**ဒဂုန်ခင်ခင်လေး–ပါ**
**ဟိန်းရင်းကျော်ရင်း**
**ထင်ပေါ်ရင်းနှင့်**
**မြန်ပြည်တစ်ခွင်**
**စာပလ္လင်စင်မြင့်မှ**
**လက်ဦးဆရာမ**
**ဝတ္ထုများကို ရေးခြယ်သ...'**။

ယခုလာမည့် ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် စာပေမိခင်ကြီး ဒေါ်ဒဂုန်ခင်ခင်လေး၏ သက်တမ်းနှစ်တစ်ရာ ပြည့်ပါမည်။

မြန်မာနိုင်ငံတော်တွင် ကာလပေါ်ဝတ္ထုများ စတင်ရေးသားခဲ့သူ၊ ပိဋကတ်တော် သမိုင်းအပါအဝင် ကျမ်း ၁၃စောင်ကို ပြုခဲ့သူ၊ အမျိုးသမီးကလောင်ရှင် သုံးရာကျော်ကို မွေးထုတ်ခဲ့သူအနေနှင့်ဖြစ်စေ၊ ကျွန်မဖခင်၏ နှမတစ်ဝမ်းကွဲတော်၍ အဒေါ်ဖြစ်သူ တစ်ဦးအနေနှင့်ဖြစ်စေ၊ ထို့ပြင် ကျွန်မအား ယုဝတီဟူသော ဘွဲ့နှင့် စာရေးဆရာဖြစ်စေရန် မြေတောင်မြှောက် ပေးခဲ့သူအနေနှင့် ဖြစ်စေ စာပေမိခင်ကြီးအား ဂုဏ်ပြုချင်စိတ် အပြည့်အဝနှင့်ပါ။

ကျွန်မထက် ဆန္ဒပြင်းထန်သူကတော့ ဒေါ်ဒဂုန်ခင်ခင်လေး၏ တူမသမီးကလေး ဒေါ်တင်တင်မပင် ဖြစ်ပါသည်။ ဒေါ်ဒဂုန်ခင်ခင်လေးတွင် တူ၊ တူမပေါင်း နှစ်ဆယ်ကျော်လောက်တော့ ရှိပါလိမ့်မည်။ ထိုအထဲတွင် ဒေါ်တင်တင်မသည် တူမတော်ရုံသာမက ငယ်စဉ်ကပင် သမီးအဖြစ်မွေးထားပြီး အတူနေလည်း ဖြစ်ပါသည်။

ဒေါ်ဒေါ်ခင် အသက်အရွယ်ရရှိလာသောအခါ မျက်စိများလည်း မကောင်းဖြစ်လာချိန်တွင် ကျွန်မတို့အလည်အပတ်ရောက်၍–

"ဒေါ်ဒေါ်ခင် နေကောင်းပါလား" ဟု မေးလျှင်

"စာမှ မဖတ်ရတာ လူ့ပြည်မှာ မနေချင်ပါဘူး။ သေမင်းကလဲ ဈေးဆစ်နေတယ်" ဟု ပြောလေ့ရှိပါသည်။ ထိုအခါများတွင် တူမသမီးလေး ဒေါ်တင်တင်မနှင့် သမီးကလေးများ ဖြစ်ကြသော ခင်နီလာ၊ ခင်သီတာ၊ ခင်ဥမ္မာ၊ ခင်သန္တာစသော ညီမလေးဖော်သည် အနားကပ်ပြုစုကြရင်း ဒေါ်ဒေါ်ခင်အား တစ်လှည့်စီ သတင်းစာနှင့် အခြားစာပေမဂ္ဂဇင်းများ နေ့စဉ်ဖတ်ပြကြခြင်း၊ ဒေါ်ဒေါ်ခင် ဖူးချင်သောနေရာသို့ တစ်ပတ်တစ်ခါသွားရောက်ကြခြင်း၊ ဘုရားဖူး ခရီးထွက်ကြခြင်း၊ အလှူမင်္ဂလာဆောင်များတွင်လည်း ဤမြေးမလေးများက အလှည့်ကျတွဲခေါ်ကြခြင်း၊ အိမ်နေရင်လည်း ရှေးခေတ်ကအကြောင်းများ၊ ဗဟုသုတစကားများ ရယ်ရယ်မောမော ပြောကြရင်း ဒေါ်ဒေါ်ခင်သည် ဆယ်နှစ်ခန့် အသက်ပို၍ ရှည်ခဲ့ရပါသည်။ ဒေါ်တင်တင်မသည် ယုဝတီဂျာနယ်နှင့် ပိုင်ဆိုင်ခွင့်အားလုံး အမွေဆက်ခံသူလည်း ဖြစ်ပါသည်။ ဒေါ်ဒေါ်ခင်၏ နောက်ဆုံးအချိန်များတွင် ချွဲသလိပ်များ သိမ်းနိုင်စွမ်းမရှိအောင် သတိကင်းလွတ်နေပါသည်။ တူမဒေါ်ခင်ခင်မက ချွဲစုပ်စက်များနှင့် ရောက်လာခြင်း၊ ယုဝတီခင်ဦး ဆရာဝန်မကြီးကလည်း အနီးကပ်ပြုစုခြင်း၊ ဒေါ်ခိုင်စကားဝါ၊ ဒေါ်မူမူခင်တို့ကလည်း စာပေမိခင်ကြီးအတွက် လိုလေသေးမရှိပြုစုကြပါသည်။

ဒေါ်ဒေါ်ခင်သည်"ငါ့ကိုဘယ်တော့မှ ဆေးရုံမပို့နဲ့"ဟု မှာဖူးပါသည်။ သို့သော် ဆရာဝန်ကြီးများဆန္ဒအရ ဆေးရုံသို့ပို့ရပါသည်။ ထိုစဉ်က (တ–တီတီ)နှင့် တစ်လမ်းလုံး အသံပေးသွားရသော လူနာတင်ကားပေါ်တွင် ဒေါ်ဒေါ်ခင်နံဘေး၌ ကျွန်မနှင့် တင်တင်မတို့ မျက်ရည်စက်လက်နှင့် ပါသွားကြပါသည်။

ဒါကတော့ ဒေါ်ဒေါ်ခင် နောက်ဆုံးအချိန်၏ ကြေကွဲစရာကလေးများ ဖော်ပြရခြင်းပါ။ ယနေ့တော့ဖြင့် ဒေါ်ဒေါ်ခင်၏ သက်တမ်း နှစ်တစ်ရာပြည့်ပွဲကို အမှတ်တရ ဂုဏ်ပြုချင်သူတွေ ကျွန်မတို့ သားချင်းများသာမကပါ မြန်မာ့စာပေလောကကြီးတစ်ခုလုံးက လိုလိုလားလား နားတစွင့်စွင့်နှင့် ရှိနေကြပါသည်။

ဒဂုန်ခင်ခင်လေး နှစ်တစ်ရာပြည့်ပွဲအတွက် ဝါမိုးအောင်စာပေမှ ဒဂုန်ခင်ခင်လေး အတ္ထုပ္ပတ္တိငါးပုဒ်ကို ဆရာကြီးပါရဂူ၊ ဒေါ်စောမုံညင်း၊ မောင်ခေတ်ထွန်း၊ မောင်ဇေယျာ၊ အောင်မိုးဆောင်းတို့၏ ပြည့်ပြည့်စုံစုံ ဆောင်းပါးငါးပုဒ်အပြင် ဒေါ်ဒေါ်ခင်၏ မျက်နှာဖုံးပုံကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ မောင်ရန်ရှင်း၏ အဖိုးတန်ရှားပါး အချက်အလက်များပါသော စာတည်းချုပ် အမှာစကားများနှင့် ဝေဝေဆာဆာ ထုတ်ဝေခဲ့ပါပြီ။

ကျွန်မအနေဖြင့်တော့ ဒဂုန်ခင်ခင်လေး၏ သက်တမ်းနှစ်တစ်ရာပြည့်အတွက် တပ်လှန့်နှိုးဆော်လိုက်ခြင်းပေပဲဟု စိတ်ထဲတွင် များစွာ ကျေနပ်သွားရပါသည်။ ကျေးဇူးလည်းအထူးတင်ရှိပါသည်။ ထို့ကြောင့်လည်း ဒေါ်တင်တင်မနှင့် တိုင်ပင်၍ ကြိုတင်စီစဉ်မှုများ စီစဉ်ကြပါသည်။

၁၄–၉–၂၀၀၃ (တနင်္ဂနွေနေ့) တစ်နေ့တွင် မရမ်းကုန်းမြို့နယ်ရှိ (ကေ–ဝိုင်–ကေ) Family Foods Center တွင် ဆွေးနွေးပွဲကလေးတစ်ခု ကြိုတင်ပြုလုပ်ဖြစ်ပါသည်။ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ ဒေါ်ခင်ခင်မ၊ ဒေါ်တင်တင်မ၊ ရွှေအမြုတေ ဦးဝင်းငြိမ်း၊ ကိုလင်းနိုင်ဦး၊ ဗန်းမော် ကျော်သန်းမြင့်၊ ကျွန်မ၊ ကိုမိုးနှင့် ခင်ဥမ္မာတို့ လူနည်းစုကလေးပါပင်။

စာပေမိခင်ကြီး ဒေါ်ဒဂုန်ခင်ခင်လေး သက်တမ်း နှစ်တစ်ရာပြည့် အမှတ်တရ ဂုဏ်ပြုပွဲ ပြုလုပ်ရန် အစီအစဉ်များ ဆွေးနွေးကြပါသည်။ စာပေမိခင်ကြီး၏ ဂုဏ်ပြုပွဲကို ကမကထ တာဝန်ယူ၍ ကျင်းပပေးမည့် ဒေါ်တင်တင်မ (ယုဝတီနန်းတွင်းမိဖြု)၏ ဆန္ဒအရ–––ရွှေအမြုတေ ဦးဝင်းငြိမ်းကို အခမ်းအနားမှူးအဖြစ် တာဝန်ယူပေးပါရန် မေတ္တာရပ်ခံကြပါသည်။

မမရင်၊ ဒေါ်စောမုံညင်းနှင့် ကျွန်မတို့အား ဟောပြောခြင်း တာဝန်ယူရန်ဖြစ်ပါသည်။ ဒေါ်ရီရီသန့်၊ ဒေါ်နှင်းရည်သန့် တူရိယာအဖွဲ့က ဒေါ်စောမုံညင်း ရေးသားသီကုံးသော ရတုကို စောင်းနှင့်သီကျူးခြင်း၊ (အဆိုတော်ဒေါ်ဓမိ၏) ရှေးခေတ်က စာဆိုတော်သီချင်းနှင့် အောင်မင်္ဂလာသီချင်းစသည့်တို့နှင့် ဖျော်ဖြေရန် ဖြစ်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်နေရာကား** | – | I.B.C (International Business Center) အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန အမှတ် ၈၈၊ ပြည်လမ်းတွင် ဖြစ်ပါသည်။ |
| **အကျွေးအမွေးကား** | – | ကြက်သားပလာတာ ဖြစ်ပါ၏။ |
| **ကျင်းပမည့်ရက်ကား** | – | ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် ဝန်းကျင် ဖြစ်ပါ၏။ |

မြန်မာနိုင်ငံတော်၏ ဦးဆုံးစာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးအား ချစ်မြတ်နိုးကြသူများအားလုံး ဝမ်းသာကြည်နူးစိတ်များ ဖြစ်ပေါ်လာကြစေရန် ဖော်ညွှန်းလိုက်ရပါသည်။

စာပေအရောင် ထွန်းလင်းပြောင်ပါစေ။ ။

## ဆီမီး၊ ပန်း၊ ရေချမ်းနှင့်ကထိန်သင်္ကန်းကပ်လှူမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

စမ်းချောင်းမြို့နယ် မြသိန်းတန်အောင်စေတီတော်ရုံ ဥပါသကာဝတ်အဖွဲ့နှင့် လက်ပံတန်းမြို့နယ် ဝတ်အဖွဲ့တို့က ဆီမီး(ဖယောင်းတိုင်)၊ ပန်း၊ ရေချမ်းတော်၊ ကထိန်အလှူနှင့် ရဟန်းခံပွဲများ ကျင်းပမည်ဖြစ်ရာ ၁၃၆၅ ခု သီတင်းကျွတ်လပြည့်နေ့တွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး ၈၄၀၀၀၊ ပန်း၈၄၀၀၀၊ ရေချမ်းတော် ၈၄၀၀၀ တို့ကို ဆဋ္ဌမအကြိမ်မြောက် လှူဒါန်းမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့တွင်စမ်းချောင်းမြို့နယ်ရှိ ပြည် တော်ပြန်တန်ခိုးရှင် မြသိန်းတန်ရုပ်ပွားတော်မြတ်ကြီးအား ဆီမီး၅၀၀၀၊ ပန်း၊ရေချမ်းတို့ဖြင့် ပူဇော်မည်ဖြစ်သည်။သီတင်းကျွတ်လပြည့်ကျော်၈ရက်နေ့တွင်လက်ပံတန်းမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာကျောင်းတိုက်တွင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ကျိုက်ထီးရိုး ရင်ပြင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးအား သိက္ခာထပ်ပွဲနှင့် ဒုလ္လဘရဟန်းလေးပါးအား ရဟန်းခံပွဲနှင့် ညနေ ၅နာရီတွင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀၊ ပန်း ၁၀၀၀၀၊ ရေချမ်း ၁၀၀၀၀တို့ လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် မြသိန်းတန်အောင်စေတီရုံ၊ ၇၆၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် သို့လည်းကောင်း၊ဦးကျင်စိန်–ဒေါ်အုန်းကြည် (၃)လမ်း၊ လက်ပံတန်းမြို့ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)



နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ ၂၃ရက်က ညောင်လေးပင်မြို့ အထက(၂) ကျောင်း၌ ကျင်းပရာ ပဲခူးတိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသန့်ဇင်က နိုင်ငံသား အရည်အချင်းပြည့်မီသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (၁၃၄)

## မိတ္ထီလာနှင့် မော်လမြိုင်တွင် ကုန်စည်ပြပွဲများ ကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၂၅**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ခွင့်ပြုကူညီမှုဖြင့် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ လည်းကောင်း၊ မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ်ဈေးတွင် အောက်တိုဘာ ၂၅ရက်မှ ၂၉ရက် အထိ လည်းကောင်း ကုန်စည်ပြပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကုန်စည်ပြပွဲများတွင် Cute Care Co., Ltd,က Main-Sponsor အဖြစ် အဓိကပံ့ပိုးကူညီမည်ဖြစ်သည်။ ထို့အပြင် အလှကုန်ပစ္စည်း အမျိုးမျိုး၊ စိုက်ပျိုးမွေးမြူရေးသုံးဆေးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ် နှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ သောက်ရေသန့်စက်နှင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်း ဆေးဝါးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ စက်မှုလက်မှုလုပ်ငန်းသုံးစက် ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးစက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ သတင်းနှင့် နည်းပညာဆိုင်ရာပြခန်းများ၊ သွေးချို၊ ဆီးချိုတိုင်းစက် အမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းများဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

မိမိတို့၏ အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားသော အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချလိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ပုဂ္ဂလိကတိုင်းရင်းသားစီးပွား ရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အတတ်ပညာရှင်များအနေဖြင့် Alpha Group အမှတ် ၅၇၊ ၅လွှာ၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁–၇၀၁၂၁၅သို့ ဆက်သွယ် စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ (က–ပ)

## မြန်မာဇာတ်ကားသစ်ရုံမဝင် ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ

### ရုပ်ရှင်သတင်းထောက်

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲဇာတ်ကားများ ဆက်လက် ပြသလျက်ရှိသည်။

ဒါရိုက်တာ မောင်မောင်ဦး (စနိုးဝှိုက်)ရိုက်ကူးပြီး နိုင်းနိုင်း၊ဖြိုးငွေစိုး နှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင် ပါဝင်သော **"အစိမ်းရင့်ရင့်လမင်း"** ဇာတ်ကား သမ္မတနှင့်သွင် အဆင့်မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံပြသလျက်ရှိသည်။

မင်္ဂလာအဆင့်မြင့်ရုံတွင် "Pyaar Ishq Aur Mohabbat" အိန္ဒိယဇာတ်ကားရုံဝင်လာသည်။

ရှေ့ဆောင်ရုံတွင် လွင်မိုး၊ရန်အောင်၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်နှင့် မေသန်းနုတို့ ပါဝင်သရုပ်ဆောင်ထားသော **"ငါသူတစ်ပါး ယောကျာ်းမိန်းမ"** ဇာတ်ကား ရုံဝင်လာသည်။

နေပြည်တော်ရုပ်ရှင်ရုံတွင် စက်တင်ဘာ ၂၄ရက်မှ အောက်တိုဘာ ၂ရက်အထိ တရုတ်ရုပ်ရှင်ပွဲတော်အဖြစ် ရုပ်ရှင်ဇာတ်ကားများ ပြသမည်ဖြစ်ရာ စက်တင်ဘာ ၂၄ရက်တွင် Gua Sha-The Treatment ဇာတ်ကား၊ စက်တင်ဘာ ၂၅ရက်တွင် Breaking the Silence ဇာတ်ကား၊ စက်တင်ဘာ ၂၆ရက်တွင် Little Tiger BanBan ဇာတ်ကား၊ စက်တင်ဘာ ၂၇ရက်နေ့တွင် Crouching Tiger Hidden Dragon ဇာတ်ကား၊ စက်တင်ဘာ ၂၈ရက်တွင် Love Story By Tea ဇာတ်ကား၊ စက်တင်ဘာ ၂၉ရက်နှင့် ၃၀ရက်များတွင် Sigh ဇာတ်ကားနှင့် အောက်တိုဘာ ၁ရက်နှင့် ၂ရက်များတွင် Crouching Tiger Hidden Dragon ဇာတ်ကားများ ပြသမည်ဖြစ်သည်။

တန်းမြင့်မြို့မရုပ်ရှင်ရုံတွင် Aftab Shivdasani, Yukta Mookhey, Syed Zulfi, Saadhika တို့ ပါဝင်သရုပ်ဆောင်ထားသော "Pyaasa" ဇာတ်ကားရုံဝင်လာသည်။

ရွှေဂုန်အဆင့်မြင့်ရုံတွင် Sanjay Dutt, Jeetandra, Jayaprada, Madhuri Dixit တို့ ပါဝင်သရုပ်ဆောင်ထားသော "Thanedaar" ဇာတ်ကားရုံဝင်လာသည်။

## ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဖွင့်ပွဲကျင်းပ

**ပန်းတနော် စက်တင်ဘာ ၂၅**

ပန်းတနော်မြို့နယ် ဆပ်သေကျေးရွာအုပ်စု ဘုရားကြီးဒေါင်ကျေးရွာ ရွှေဇင်အေးကျောင်းတိုက်၌ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြတောင်စာသင်တိုက် ဒုတိယနာယက ဦးကုမာရ၊ (မြတောင်ကုမာရ) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)မြို့နယ်သာသနာရေးဦးစီးမှူး ဦးတင်မြင့်နှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားကြသည်။

အဆိုပါကျောင်း၌ ကျောင်းသားကျောင်းသူ ၆၂ ဦးတို့ ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ **(၃၂၇)**

# ခြိုးခြံချွေတာ ပြည်ချမ်းသာ

# လူမှောင်ခိုကုန်ကူးမှုဟန့်တားကာကွယ်ရာ အမျိုးသားရေးတာဝန်ပါ

## ခင်မြန်မာ

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် မြန်မာအမျိုးသမီးများကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်စေပြီး စုစည်းခိုင်မာသည့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်လုပ်ရှားဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှောင်ခိုကုန်ကူးမှု ဟန့်တားကာကွယ်နိုင်ရေးသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုကဏ္ဍစုံတွင် တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိနေရပါတယ်ရှင်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်တဲ့ ကွင်းဆင်းလေ့လာရေးအဖွဲ့ဟာ ပဲခူးတိုင်း(အရှေ့ခြမ်း)ရှိ ညောင်လေးပင်မြို့နယ်နှင့် ပဲခူးမြို့နယ်ခရီးစဉ်မှာ မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းအမျိုးသမီးများ၊ ကျောင်းသူလေးများ၊ အမျိုးသမီးငယ်ရွယ်သူများအား တွေ့ဆုံရာ၌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက လာရောက်ရခြင်းအကြောင်း ပြောကြားရာတွင် **“မြန်မာနိုင်ငံ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည့်အတွက် အမျိုးသမီးထု၏ စွမ်းအားထုသည် နိုင်ငံတော်အတွက် အလွန်ပင်အရေးပါလှကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နေ့ညမနား ဆောင်ရွက်နေသည်ကို ပြည်သူများ မြင်တွေ့နိုင်ကြမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ စွမ်းအားကို အစွမ်းကုန်အသုံးချကာ နိုင်ငံတော် တည်ဆောက်ရေးတွင် အထောက်အကူဖြစ်စေရန် ကြိုးပမ်းသွားကြစေလိုကြောင်း၊ တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာနိုင်ငံကို မနာလိုမရှုဆိတ်သည့် ပြည်ပနိုင်ငံအချို့မှ အဖျက်အမှောင့် နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်နှောင့်ယှက်လျက်ရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ တက်ကြွလန်းဆန်းသည့် လူငယ်များကို မူးယစ်ဆေးဝါးသုံးစွဲတတ်လာစေရန် နည်းလမ်းမျိုးစုံဖြင့်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုများ ပျက်စီးပစ်ပယ်လာအောင် ပြည်ပမှ တရားမဝင် ခိုးဝင်လာသည့် ဗီဒီယို၊ ဗီစီဒီများမှတစ်ဆင့် ငှင်းလူငယ်လူရွယ်များကို ဖျက်ဆီးလျက်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးမထားသောသူအချို့ကလဲ သရုပ်ပျက်ဝတ်စားဆင်ယင်မှုကို ရှေ့ဆောင်လမ်းပြ ဝတ်ဆင်လာနေကြောင်း၊ မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးသိမ်မွေ့သည့် ဝတ်စားဆင်ယင်မှုကို ယှဉ်ပြိုင်နေရာယူလာနေကြောင်း၊ တစ်မျိုးသားလုံး အညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးနှင့် သရုပ်ပျက်ယဉ်ကျေးမှုများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များနှင့် မြန်မာအမျိုးသမီးထုက တားဆီးကာကွယ်ရမည့် တာဝန်ရှိကြောင်း၊ ထို့မှုမက အမျိုးသမီးငယ်ရွယ်လေးများကို လူကုန်ကူးခြင်း၊ ရောင်းစားခြင်း၊ လူပွဲစားများ၏ သွေးဆောင်ဖြားယောင်းခြင်းမခံရအောင် ကျောင်းဆရာ ဆရာမများ၊ မြို့မိမြို့ဖများ၊ ဒေသခံ မိဘပြည်သူများက ဝိုင်းဝန်း တားဆီးဟန့်တားနိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း၊ လူကုန်ကူးမှုကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ ထိရောက်စွာ ဟန့်တားကာကွယ်နိုင်ရန် လူပွဲစားများ ဖော်ထုတ်ရေးတွင် သတင်းပေးကူညီမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း”** စသည်ဖြင့် မှာကြားသွားခဲ့တာကို မှတ်သားမိပါတယ်ရှင်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ကွင်းဆင်းလေ့လာရေးအဖွဲ့သည် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် မိသားစုစကားဝိုင်းအသွင်ဖွဲ့စည်းကာ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံရာတွင် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ အခက်အခဲများကို အကြံကောင်း ဉာဏ်ကောင်းများပေး၍ ဖြေရှင်းခြင်း၊ လိုအပ်မှုများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးခြင်း၊ လူမှောင်ခိုလူပွဲစားများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး နည်းလမ်းများ ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ကွင်းဆင်းလေ့လာရေးအဖွဲ့များသည် ပထမပိုင်းတွင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်များသို့ ကွင်းဆင်းသွားရောက်ပြီး အမျိုးသမီးငယ်ရွယ်များအား ပညာပေးစည်းရုံးမှုများ ဆောင်ရွက်ခဲ့ပါတယ်။ အထူးသဖြင့် နယ်စပ်ဒေသ အစွန်အဖျားနေ တိုင်းရင်းသူ အမျိုးသမီးငယ်များ တရားမဝင် လူမှောင်ခိုကုန်ကူးသူများ၏ ဖြားယောင်းသွေးဆောင်မှုနောက်သို့ လိုက်ပါမသွားစေရေးအတွက် အောင်မြင်စွာ ပညာပေးစည်းရုံးနိုင်ခဲ့ပါတယ်။ နောက်ပိုင်းတွင် မြေပြန့်ပိုင်းဒေသများသို့ သွားရောက်ပြီး ပညာပေးစည်းရုံးလှုပ်ရှားဆောင်ရွက်နိုင်သကဲ့သို့ ချင်းပြည်နယ် ကိုးမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်များ၊ ပဲခူးတိုင်း(အရှေ့ခြမ်း)ဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး အမျိုးသမီးငယ်ရွယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး ပညာပေးစည်းရုံးနိုင်ခဲ့ရာ အကျိုးရလဒ်ကောင်းများ များစွာရရှိဖြစ်ထွန်းလာတာကို တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် ဗဟိုအဆင့်တွင်လဲ လူမှောင်ခိုကုန်ကူးမှုအန္တရာယ်တွင်း မသက်ဆင်းစေရန် ပြည်သူလူထုအား အသိပညာပေးသည့် ဗီဒီယိုအစီအစဉ်များကို နိုင်ငံတော် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်း၊ စာအုပ်စာတမ်းများ ပြုစုထုတ်ဝေပြီး အမျိုးသမီးငယ်ရွယ်သူများကို မှန်ကန်သော အသိအမြင်ရရှိရေးအတွက် ပညာပေးရေး အစီအမံများကိုလည်း အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်နေတာကို မျက်မြင်တွေ့မြင်ရပါတယ်ရှင်။

အခုဆိုရင် မြန်မာအမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် လူမှောင်ခိုမှုများကို တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အဓိကကျသည့် ပြည်နယ်၊ တိုင်းများတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ ပညာပေးထိရောက်မှု မိတ်ဖက်အဖွဲ့အစည်းများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်၏ ဟန်ချက်ညီညီ အလေးထားဆောင်ရွက်မှုများကြောင့် ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း လူပွဲစား ၃၉၀ အား အမှုပေါင်း ၂၀၆ မှုဖြင့် ဖော်ထုတ်အရေးယူနိုင်ခဲ့ပြီး လူပွဲစားများ အန္တရာယ်မှ ၁၀၀၈ ဦး ကယ်တင်နိုင်ခဲ့ကာ လူပွဲစားများကို ထိရောက်သော ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ ပြည်ပနိုင်ငံများသို့ သွားရောက်မှုမရှိစေရေးအတွက် အမျိုးသမီးငယ်ပေါင်း ရှစ်သောင်းနီးပါးကို ပညာပေး ဟောပြောနိုင်ခဲ့ပြီး လူပေါင်း တစ်သောင်းတစ်ထောင်ကျော်ကို နေအိမ်များသို့ လုံခြုံစွာ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့တာကို တွေ့မြင်ရပါတယ်ရှင်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များသည် အမျိုးသားများနှင့် တန်းတူရည်တူပင်ဖြစ်ပြီး မြန်မာအမျိုးသမီးများအနေဖြင့် မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာများနှင့်အညီ စောင့်ထိန်းလုပ်ကိုင်နေထိုင်ပြုမူရာ၌ ကမ္ဘာတွင် စံထားရမည့်အဆင့်တွင် ရှိပါတယ်။ ဒီလို ကောင်းမြတ်သည့် ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းသွားဖို့လိုပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့်လဲ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှောင်ခိုကုန်ကူးမှု ဟန့်တားကာကွယ်ရေးအတွက် မိမိတို့ရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် မိဘပြည်သူများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ လက်တွဲ ပူးပေါင်းပါဝင်သွားကြပါလို့ ဆန္ဒပြု တိုက်တွန်းလိုက်ရပါတယ်ရှင်။ ။

## ယောနယ်အသင်း(ရန်ကုန်)
## ယောသံဃာတော်ပူဇော်ပွဲနှင့် စာအောင်ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

နှစ်စဉ် ကျင်းပမြဲ ဖြစ်သော ယောသံဃာတော်များအား (၃၅)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယော) ဆရာတော် ဦးဆောင်၍ စာအောင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အမှတ်(၄၅/၅၀) အဘိဓမ္မရတနဃရဗိမာန်တော်(စွမ်းအင်ဓမ္မာရုံအနီး)၌ ၁၃၆၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက် (၁၂–၁၀–၂၀၀၃) တနင်္ဂနွေနေ့ နံနက် ၉ နာရီအချိန်တွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၃ ခုနှစ် နိုင်ငံတော်က ကျင်းပသော ပရိယတ္တိစာမေးပွဲအသီးသီးကို ရန်ကုန်တိုင်းအတွင်းမှ အောင်မြင်ကြသော (ယော) စာအောင်ပုဂ္ဂိုလ်များသည် အမှတ်(၅၂)၊ လမ်း ၃၀ နေ ဦးအေးမောင် (သို့မဟုတ်) အမှတ်(၁၄၀)၊ ၃၇ လမ်းနေ ဦးအောင်မြတို့ထံသို့ အောက်တိုဘာ ၄ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြပါရန်နှင့် ဓမ္မာစရိယတန်း၌ ကျမ်းပြီး ဓမ္မာစရိယအောင် ပုဂ္ဂိုလ် များကိုသာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**



လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၂–၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးတင့်က တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်ဇင်ဝင်းနိုင်အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

**(က–ပ)**

## နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၄**

တောင်ငူခရိုင် တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး၏ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့်အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးသန့်ဇင်နှင့်တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဓာတ်ပုံ၊ နံရံကပ်ပိုစတာများနှင့် ပညာပေး ဗီဒီယိုများ ပြသပေးခဲ့သည့်အပြင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီတို့မှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(ခရိုင် ပြန်/ဆက်)**



## မြဝတီရုပ်မြင်သံကြား

၂၆–၉–၂၀၀၃
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၅ ၅။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(ပထဝီဝင်) (ခ)ဒုတိယနှစ်(အင်္ဂလိပ်စာ)
- ၅:၃၅ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လင်နဲ့မယား”**(အပိုင်း–၁၀)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းညီနောင်”**(အပိုင်း–၁၁)




နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ်တံတားနှင့်ရောဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းနှင့် ပုံညာတောင်ဥမင်တည်ဆောက်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး မန္တလေးတိုင်းအတွင်းရှိ မြစ်ငယ်တံတားနှင့် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် မန္တလေး-ပြင်ဦးလွင် ကားလမ်း အဆင့်မြှင့်တည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းစဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ခြောက်လမ်းသွား လမ်းမကြီးပေါ်၌ တည်ဆောက်နေသော မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြပြီး မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်း ပလိပ်မြို့ဘက်ခြမ်း၌ တံတားချဉ်းကပ်လမ်း မြေကာနံရံတည်ဆောက်နေမှုနှင့်တံတား ရေလယ်တိုင် ဘိုးပိုင်တူးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြစ်ငယ်တံတားကို ရန်ကုန်-မန္တလေးကားလမ်းကြီးပေါ်တွင်မြစ်ငယ်မြစ်ကို ဖြတ်ကျော်တည် ဆောက်လျက်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၇၂ ပေနှင့် ဘေးတစ်ဖက်တစ်ချက်စီတွင် လေးပေအကျယ် လူသွားလမ်းအပါအဝင် စုစုပေါင်းတံတားအကျယ်ပေ ၈၀ နှင့် အရှည်ပေ ၈၄၀ ရှည်လျားကာ ရေလမ်းကင်းလွတ်နယ်မြေမှာအကျယ်ပေ၈၀နှင့် အမြင့်ရှစ်ပေ ခြောက်လက်မ ရှိမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင် လိုက်ပါလျက် စစ်ကိုင်းမြို့သို့ ရောက်ရှိကြပြီး ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း(စစ်ကိုင်းဘက်ကမ်း)ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား(ရတနာပုံ)မန္တလေးဘက်ကမ်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရောဝတီတံတား (ရတနာပုံ)မန္တလေးဘက်ကမ်းတည်ဆောက်ရေးစီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်းမှ တာဝန်ယူတည်ဆောက်သည့် ပင်မတံတား အရှည်ပေ ၁၁၄၀၊ ချဉ်းကပ်တံတား အရှည်ပေ ၁၉၂၀ တို့ကို တည်ဆောက်လျက်ရှိရာ ချဉ်းကပ်တံတားတိုင် (M-1 မှ M-16 )အထိတွင် ဘိုးပိုင်အားလုံး ပြီးစီးမှုနှင့် တိုင်များတွင် CAP နှင့် Sharft နှင့် Crossream များတပ်ဆင်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အောင်မြင်ပြီးစီးရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြင်ဦးလွင်လမ်းအတိုင်း လမ်းကြောင်းတစ်လျှောက် လမ်းပြုပြင်ထားမှုနှင့် လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးမှုအခြေအနေများကို ပြင်ဦးလွင်လမ်း မိုင်တိုင်အမှတ် (၂၃/၄)ထိ ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးသူရဦးသောင်းလွင်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မန္တလေးမြို့မှ ထွက်ခွာခဲ့ကြပြီး စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်အတွင်း မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် ပုလဲ-ဂန့်ဂေါလမ်းတစ်လျှောက်လမ်းကြောင်း အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့နယ် ကျောကျေးရွာသို့ နံနက်၈ နာရီတွင်ရောက်ရှိပြီး မိုးစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးလိုက်ပါပြီး ပုံညာတောင်ဥမင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာရှင်းလင်းဆောင်၌ မြန်မာ့မီးရထားလက်ထောက်အထွေထွေမန်နေဂျာ(မြို့ပြ)ဦးမောင်မောင်သွင်က အရှည်ပေ ၅၆၁၀ရှိသည့် ပုံညာတောင် ဥမင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဥမင်အတွင်း၌ အမိုးခုံး၊ နံရံနှင့် ကြမ်းခင်းများ ကွန်ကရစ်လောင်းမည့် အစီအစဉ်၊ ဥမင်အဝင်ရထားလမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပုံညာတောင် ဥမင်မှာ ဖောက်လုပ်ပြီးစီးပြီဖြစ်ပြီး အမိုးနံရံများ အချောကိုင်ခြင်း၊ အောက်ခြေပိုင်း ချဲ့ထွင်ခြင်း၊ ဘေးနံရံနှင့် အောက်ခြေကွန်ကရစ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် ပုံညာတောင် ဥမင်လိုဏ်အတိုင်း တည်ဆောက်ရေး လုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ပုံညာတောင် ဥမင် အရှေ့ဘက် အဝင်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်း၏ မုံရွာ-ဂန့်ဂေါ ကားလမ်းကူး ရထားတံတား တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ကျောကျေးရွာ၊ ထန်းတောကျေးရွာ၊ ကျောသာကျေးရွာ၊ ကျောက်မတင်ကျေးရွာ၊ ပေါက်မြို့နယ် ဓါးပြားကျေးရွာနှင့် ကျောချောင်းတစ်လျှောက် စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပေါက်မြို့နယ် ဓါးပြားကျေးရွာရှိ မင်းလယ်တောရေလွှဲဆည်တို့ကိုကြည့်ရှုစစ်ဆေးသည်။ မင်းလယ်တောရေလွှဲဆည်မှ လယ်ယာမြေ ၉၅၃ ဧက စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ငလွန်း-ကျောက်မရေလွှဲဆည်ကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ရေလွှဲဆည်မှ လယ်ယာမြေ ၃၃၆ ဧကကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ထို့နောက် ယောမြို့ရှိ သံကူကွန်ကရစ်အမျိုးအစား မြောင်းရေငုပ်ပြွန်ကို သွားရောက်ကြည့်စစ်ဆေးသည်။ အဆိုပါ ရေငုပ်ပြွန်သည် လယ်ယာမြေဧက ၂၀၀ ကို အကျိုးပြုနိုင်မည် ဖြစ်သည်။

ဆက်လက်၍ ကျောက်ပန်းရုံအမျိုးအစားဖြစ်ပြီး လယ်ယာမြေ ၈၂၅ ဧကကို အကျိုးပြုနိုင်မည့် ရေရှင်ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အပြင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့နယ်နှင့်မြိုင်မြို့နယ်အတွင်းရှိကျေးလက်ဆည်၊ ဖွံ့ဖြိုးရေးဆည်နှင့် ကိုယ့်အားကိုယ်ကိုးဆည်များ၏ ရေပေးဝေနိုင်မှု၊ ရေစုဆောင်းနိုင်မှု၊ စပါးနှင့် အခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းမှုနှင့် လယ်ယာမြေတိုးချဲ့ဖော်ထုတ်နိုင်မှုနှင့် ဆက်လက် တိုးချဲ့ဖော်ထုတ် နိုင်မည့် လယ်ယာ အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြိုင်မြို့နယ်ရှိ တွင်းမ ရေလှောင်တမံ တည်ဆောက်မည့် နေရာသို့ ရောက်ရှိပြီး ရေလှောင်တမံ တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးကာ ဒေသခံ ပြည်သူများအား ဒေသစိမ်းလန်းစိုပြည်ရေး၊ ပခုက္ကူခရိုင် ဒေသဝမ်းစာ ဖူလုံရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ တွင်းမ ရေလှောင်တမံကို အလျားပေ ၄၀၀၀၊ အမြင့် ၃၂ ပေရှိ မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်သွားမည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ယောချောင်းအတိုင်း သုံးမြွာဆုံ ရေလွှဲဆည် တည်ဆောက်မည့် နေရာနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဆောချောင်းအတိုင်း ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ၁ နာရီတွင် ဆောမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဆောမြို့ ယောမင်းကြီး ဦးဖိုးလှိုင်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ ဆောမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဆောမြို့နယ် လောင်းရှည်ကျေးရွာနှင့် ကျောက်ထု မြို့နယ်များအတွင်း ဆလင်းချောင်းဖျားနှင့် ချီချောင်းတစ်လျှောက် မိုးသီးနှံ စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ငအုပ်ရေလွှဲဆည်၊ ချီချောင်းရေလှောင်တမံ၊ ယောချောင်း ရေလှောင်တမံ၊ ယောချောင်းရေလွှဲဆည် တည်ဆောက်မည့် နေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ညနေပိုင်းတွင် ထီးလင်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လည်းကောင်း၊ ညနေပိုင်းတွင် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ မှ တာဝန်ရှိသူများနှင့် လည်းကောင်း တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ အောင်မြင်တိုးတက်ဖြစ်ထွန်းရေး ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

## ဘာသာစကားနှင့်ကွန်ပျူတာ သင်တန်းများဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၅**

Dynamic International Language Academyက ဘွဲ့ရ၊ ဘွဲ့ကြိုများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် လုပ်ငန်းခွင် ဝင်ရောက်လိုသူများအတွက် အင်္ဂလိပ်စာ Special Classes, Spoken English, Grammar, Vocabularyသင်တန်းများ၊ ကလေးများ အင်္ဂလိပ်စာ ထူးချွန်စေရန်အတွက် (ရေး၊ ဖတ်၊ ပြော၊ သဒ္ဒါ)သင်တန်းများနှင့် တရုတ်၊ ဂျပန် (ရေး၊ ဖတ်၊ ပြော) အခြေခံ သင်တန်းများကိုလည်းကောင်း၊ ကွန်ပျူတာသင်တန်းများကို တစ်ဦးချင်းသင်စနစ်ဖြင့်လည်းကောင်း လစဉ်လဆန်းတိုင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ဘာသာရပ်တစ်ခုစီအလိုက် အိမ်တွင်သီးသန့် သင်ယူလိုသူများအတွက် သက်ဆိုင်ရာ ဆရာ၊ ဆရာမများနှင့် ညှိနှိုင်းသင်ကြားပေးလျက်ရှိရာ စိတ်ဝင်စားသူများသည် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း (လယ်)၊ အမှတ် ၁၁၅(ပထမထပ်)၊ ဖုန်း-၂၂၈၀၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကလပ်(၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စက်တင်ဘာ ၂၂ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း ရောဝတီတိုင်းအတွင်းရှိ လပွတ္တာ(ပင်လယ်လေး)မြစ်ကူးကြိုးတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)**




26-9 (12).p65 1 3/24/05, 7:29 PM

## ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုအားပေးပြီးဆုများချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၅

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း၌ ကျင်းပသော အငှမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်သည်။**

**တက်ရောက်**

ဗိုလ်လုပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးဦးအေးမောင်ကြီးက ဗိုလ်လုပွဲတွင် ပွဲစဉ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုရရှိသော ပဲခူးတိုင်းမှ စန်းလွင်ဦးအား အကောင်းဆုံးဆုကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့်က ပြိုင်ပွဲတွင် တတိယဆုရရှိသော တနင်္သာရီတိုင်းအား တတိယဆုနှင့် ဆုကြေးငွေသားကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်က ဒုတိယဆုရရှိသော ရန်ကုန်တိုင်းအားတစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေသားကိုလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်က ပထမရရှိသော ပဲခူးတိုင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ပြိုင်ပွဲတစ်လျှောက် နေရာအလိုက်အကောင်းဆုံးဘောလုံးသမားများနှင့် ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသော ပဲခူးတိုင်းအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမရရှိသော ပဲခူးတိုင်းအား တံခွန်စိုက် ဒိုင်းဆုကြီးကို လည်းကောင်း၊ ဆင့်ပွားဒိုင်းကိုလည်းကောင်း၊ ဆုကြေး ငွေသားကျပ်ငါးသိန်းကိုလည်းကောင်း ချီးမြှင့်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

FMI Shopping Centre သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၉ ရက်အတွင်း လာရောက် အားပေးသူများအတွက် အထူးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပြိုင်ပွဲ တံခွန်အသင်းဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်းကွင်းဖွင့် ဘောလုံးပြိုင်ပွဲ ပထမအကြိမ်ဗိုလ်လုပွဲအဖြစ် ပြည်ထဲရေးအသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တံခွန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကွာတားဖိုင်နယ်တွင် မြို့တော်စည်ပင်အသင်းကို အနိုင်ရရှိခဲ့သော ပြည်ထဲရေးအသင်းနှင့် သစ်တောရေးရာအသင်းကို အနိုင်ရရှိခဲ့သော တံခွန်အသင်းတို့ ဆုံတွေ့ကြသည်ဖြစ်ရာ အကြိတ်အနယ်ရှိခဲ့သည်။

တံခွန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပြည်ထဲရေးအသင်းမှ နောက်တန်းလူ မြင့်ဇော်က ဘောလုံးကိုဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိသွားရာမှ ရရှိခဲ့ခြင်းဖြစ်သည်။ ပြည်ထဲရေးအသင်းက ဈေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားသော်လည်း တိုက်စစ်မှူးများက ရရှိသည့်အခွင့်အရေးကို ထိရောက်စွာအသုံးမချနိုင်သဖြင့် ဂိုးမရခဲ့ပေ။

ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်းက တိုက်စစ်ဦးစားပေးကာ တစ်သင်းလုံးဆင်း၊ တစ်သင်းလုံးတက်ကစားသော်လည်း တံခွန်အသင်းနောက်တန်းလူများက ကြံ့ကြံ့ခံ ဖျက်ထုတ်နိုင်သလို ဂိုးသမား ရဝေဇင်ကလည်း အစွမ်းပြကာကွယ်နိုင်သဖြင့် ချေပဂိုးမရဘဲ ပွဲပြီးသွားသည်။

ယနေ့ပွဲအတွက် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို တံခွန်အသင်းမှ ဂိုးသမား ရဝေဇင်က ရရှိသည်။ တံခွန်အသင်းသည် ဗိုလ်လုပွဲတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ကာကွယ်ရေးအသင်း ပွဲစဉ်မှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ယနေ့ပွဲ**

စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဒုတိယအကြိမ် ဗိုလ်လုပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ကာကွယ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၀၃ ခုနှစ် (၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု(ရတခ)ဇုန် မော်လမြိုင်မြို့၌ကျင်းပသော ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု(နမခ)ဇုန် မုံရွာမြို့၌ကျင်းပသောပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု(လပခ)ဇုန် မန္တလေးမြို့၌ကျင်းပသောပြိုင်ပွဲတွင် စခန်းမှူးရုံး(ကာကွယ်ရေးဝန်ကြီးဌာန)အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု(တပခ)ဇုန်တောင်ငူမြို့၌ကျင်းပသောပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘာသာစကားနှင့်စာရင်းကိုင် သင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

Aung Language Centre မှ ဆရာမဒေါ်ဖြူဖြူက တရုတ်ဘာသာ အခြေခံ အရေး၊ အဖတ်၊ အပြောကို လွယ်ကူစွာ တတ်မြောက်စေရန် အောက်တိုဘာ ၄ ရက်တွင် တန်းခွဲအသစ်ကို စနေနှင့်တနင်္ဂနွေနေ့များတွင် နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ သင်ကြားပေးမည်ဖြစ်သည်။

အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းကိုလည်း အောက်တိုဘာ ၄ ရက် စနေနှင့်တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ တန်းခွဲအသစ် နှစ်လသင်တန်း ဖွင့်လှစ်မည်ဖြစ်ရာ အရှေ့ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း ၁၊ ရန်ကင်းကြားမှတ်တိုင်အနီး (ရန်ကင်းသဲကွင်းအနီး)၊ အမှတ်(၂) ရပ်ကွက်၊ မင်းထိုက်စာပေအိမ်သို့ စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**



**စက်တင်ဘာ ၂၂ ရက်က လှိုင်သာယာမြို့နယ် အထက(၂) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးမှု အစီအစဉ်အရ အလှူရှင် ဦးကျော်တင့်-ဒေါ်မင်းမင်းစိုးခိုင်၊ ပဥ္စမတန်း(အေ)မှ သား မောင်ဝေယံကျော်တို့က ခေါက်ဆွဲကျော် ကျွေးမွေးကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌွေးနှင့် ဆရာဆရာမများ ကြည့်ရှုအားပေးစဉ်။**

**(၁၈၀)**

## ဥရောပအဖွဲ့ချုပ်ဖလားပွဲစတင် အာဆင်နယ်အသင်းအရေးယူခံရမည်

ဥရောပဘောလုံးအဖွဲ့ချုပ်ဖလားပွဲ စက်တင်ဘာ ၂၄ ရက်က စတင်ပြုလုပ်ရာ အင်္ဂလန်မှ နယူးကာဆယ်နှင့် မန်စီးတီးတို့ အနိုင်ရကြသကဲ့သို့ အီတလီမှ ရိုးမား၊ ပရူးရှား၊ အူဒီးနီစီး၊ ဂျာမနီမှ ဒေါ့မွန်၊ ပြင်သစ်မှ အော်ဇေး၊ စပိန်မှ မာယော့ကာတို့ အနိုင်ရကြသည်။

အင်္ဂလန်တွင် မန်ချက်စတာစီးတီးက လိုကာရင်ကို သုံးဂိုး-နှစ်ဂိုးဖြင့် စတင်အနိုင်ရသကဲ့သို့ နယူးကာဆယ်ကလည်း ဘရီဒါကို ငါးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ဆောက်သမ်တန်နှင့် စတီဖာဗျူခါရက်တို့ တစ်ဂိုးစီ သရေကျသည်။ ဆလိုဗေးနီးယားတွင် အိုလင်ပီယာနှင့် လီဗာပူး တစ်ဂိုးစီသရေကျပြီး၊ ဂျန်ကလာဘာလီဂျီက ဘလက်ဘန်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်သည်။

**အီတလီအသင်းများအနိုင်ရ**

အီတလီမှ ရိုးမားက ရောမတွင် ဗာဒါကို လေးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး၊ အူဒီးနီစီးက ဆားလ်ဇဘတ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ပါးမားက ယူကရိန်းမှာ ဒိုနက်စ်နှင့် တစ်ဂိုးစီသရေကျသည်။ စကော့တလန်တွင် ဒန်ဒီကို ပရူရှားက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည်။

စပိန်မှ မာယော့ကာက ဆိုက်ပရပ်တွင် နီကိုရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး၊ ပူချော့ကွင်းတွင် ဘာဆီလိုနာက တစ်ဂိုးစီ သရေကျသည်။ ဂျာမနီမှ ဒေါ့မွန်က ဩစတြီးယားတွင် ဗီယင်နာကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ ရုရှားမှ စပါတာက အက်စ်ဘဂျာ့ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ရုရှား တော်ပီဒိုက ဘူဂေးရီးယားတွင် ဆိုဖီယာနှင့် တစ်ဂိုးစီ သရေကျသည်။

ပြင်သစ်မှ အော်ဇေးက ဇာမက်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ပေါ်တူဂီ စပို့တင်းက ဆွီဒင်ဟာလ်ပိုကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ဘင်ဖီဘာက လိုဗီးရားနှင့် တစ်ဂိုးစီ သရေကျသည်။

**အာဆင်နယ်နှင့် နယူးကာဆယ်**

အင်္ဂလန်ပရီမီယာရှစ်ပြိုင်ပွဲ ပွဲစဉ်(၇)ကို စက်တင်ဘာ ၂၆ ရက်နေ့ ဆက်လက်ပြုလုပ်မည်ဖြစ်ရာ ဟိုက်ဘာရီကွင်းတွင် ထိပ်ဆုံးနေရာမှ အာဆင်နယ်နှင့် အောက်နားမှ နယူးကာဆယ်တို့ ကစားရမည်။

**မန်ယူ-အာဆင်နယ်ပွဲ နောက်ဆက်တွဲ**

ပွဲစဉ်(၆)အဖြစ် မန်ချက်စတာတွင် အာဆင်နယ်နှင့်ကစားခဲ့သည့်ပွဲ၌ အာဆင်နယ်ဘောလုံးသမားများအပြုအမူကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က မန်နေဂျာအာဆင်ဝင်ဂါးအပါအဝင် ဗီယာရာ၊ မာတင်ကီးအွန်၊ အက်ရှ်လေကိုး၊ လောရင်၊ ရေးပါလာနှင့် ဂိုးသမားလေမန်းတို့ကို အရေးယူရန်ဆင့်ခေါ်ထားသည်။

**(က-ပ)**

## စင်ကာပူဂူရှူးပွဲတော် ပါဝင်သရုပ်ပြရန်ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၅**

စင်ကာပူဂူရှူးအဖွဲ့ချုပ်၏ အထူးဖိတ်ကြားချက်အရ စင်ကာပူဂူရှူးပွဲတော်တွင် ပါဝင်သရုပ်ပြသရန် မြန်မာဂူရှူးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးထွန်းမြင့်ခေါင်းဆောင်သော မြန်မာဂူရှူးမျိုးဆက်သစ်အားကစားအဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အဆိုပါဂူရှူးအားကစားအဖွဲ့တွင် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးထွန်းမြင့်၊ မျိုးဆက်သစ်အားကစားသမားများဖြစ်သည့် ကောင်းထက်ဟိန်း၊ ခန့်ဆွေသက်၊ သတိုးအောင်၊ ကျော်ဇင်သစ်၊ စန္ဒီဦးတို့ငါးဦး လိုက်ပါသွားကြသည်။ ထိုကစားသမားငါးဦးသည် အသက်(၈)နှစ်မှ (၁၁)နှစ်ကြားသာရှိသေးသည်။ အဆိုပါဂူရှူးပွဲတော်သို့ စင်ကာပူဂူရှူးအဖွဲ့ချုပ်၏အထူးဖိတ်ကြားခြင်းခံရသော မြန်မာ၊ တရုတ်၊ ဗီယက်နမ်တို့ ပါဝင်သရုပ်ပြသကြမည်ဖြစ်ပြီး ပရိသတ်တစ်သောင်းခွဲ လာရောက်ကြည့်ရှုကြမည်ဖြစ်သည်။ **(က-ပ)**



## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့) (၂၈-၉-၂၀၀၃)
၂၀၀၃ ခုနှစ်၊ အောက်တိုဘာလအတွက်
(၁၂-၁၀-၂၀၀၃)ရက်နေ့
နှင့်
(၂၆-၁၀-၂၀၀၃)ရက်နေ့


ရန်ကုန် ⇨ မန္တလေး ⇦ ရန်ကုန်
လက်မှတ်အရောင်းဌာန
ရန်ကုန် ⇨ မန္တလေး ⇦ ရန်ကုန် ပြေးဆွဲနေသည့် "[illegible]" အဆင့်မြင့် အဝေးပြေးယာဉ်လက်မှတ်များကို တိုက်အမှတ်(၁) အခန်း(၃) စံပြ ဓ. ဆ. ပ. လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၂၉၉၀၈၈၊ ၂၅၃၃၀၆၁၄နှင့် 'မင်္ဂလာ'ကားဂိတ် အမှတ် (၃၁/က) သမိန်ဗရမ်းလမ်း တာမွေကြီး က+ဃ တာမွေမြို့နယ် (တာမွေပလာဇာအရှေ့)တို့တွင် ဝယ်ယူနိုင်ပါကြောင်း၊ ခရီးသွားမိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။
(ဖုန်းဖြင့်ကြိုတင်မှာ ယူနိုင်ပါသည်)

# မကွေးတိုင်း အနောက်ဘက်ခြမ်း မြစိမ်းရောင်ကမ္ဘာလာခင်းထားသည့် စလင်းရေလှောင်တမံ

**သတင်းဆောင်းပါး-ဓာတ်ပုံ-ခင်မောင်သန်း(စက်မှု)**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်အား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ဘက်စုံထောင့်စုံ နေရာကွက်လပ်မကျန်စေရန် တည်ဆောက်လာခဲ့သည့်အတွက် ယနေ့နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ကြွားကြွား ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းနှင့်ပြည်နယ်၁၄ခုရှိရာ မကွေးတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သည်။ မကွေးတိုင်းသည် ဧရာဝတီမြစ်ကြီးက ဖြတ်သန်းစီးနေသောကြောင့် ဧရာဝတီမြစ်၏အရှေ့ဘက်ခြမ်းဒေသများနှင့် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသများအဖြစ် ပိုင်းခြားခေါ်ဝေါ်လျက်ရှိသည်။ တစ်နည်းအားဖြင့် မကွေးတိုင်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းဟု ခေါ်ဆိုကြသည်။

မကွေးတိုင်း၏ အကျယ်ပြန့်ဆုံးလွင်ပြင်မှာ စလင်းချောင်း၊ မန်းချောင်းနှင့် မုန်းချောင်းတို့ စီးဆင်းရာ မင်းဘူးလွင်ပြင်ဖြစ်သည်။ မင်းဘူးလွင်ပြင်သည် ဆန်စပါး အဓိကစိုက်ပျိုးရာဒေသဖြစ်ပြီး မကွေးတိုင်းတစ်တိုင်းလုံး၏ အဓိကသီးနှံသည် နှမ်းနှင့်မြေပဲဖြစ်သည်။ ထို့အပြင် မကွေးတိုင်းတွင် နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ မြန်မာဆေးရွက်ကြီး၊ ဗာဂျီးနီးယားဆေး၊ ထန်း၊ ငရုတ်၊ ကြက်သွန်နီ၊ အာလူး၊ ပရဆေး(ပွေးကိုင်း)၊ ကြံ၊ ဟင်းသီးဟင်းရွက်၊ ငှက်ပျောများကိုလည်း စိုက်ပျိုးကြသည်။

မကွေးတိုင်း မင်းဘူးလွင်ပြင်၊ သို့မဟုတ် မကွေးတိုင်း အနောက်ဘက်ခြမ်း စိမ်းလန်းစိုပြည်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက ငဖဲမြို့နယ်တွင် မန်းချောင်းရေလှောင်တမံကို တည်ဆောက်ပေးခဲ့ပြီး ရေသောက်ဧရိယာ ဧက၁၀၀၀၀နှင့် သီးနှံဧရိယာ ဧက ၃၇၅၀၀ ရေပေးဝေနေပြီဖြစ်သည်။ ထို့နောက် မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာနှင့် သရက်ကိုင်းကျေးရွာအနီး မုန်းချောင်းရေလှောင်တမံကို တည်ဆောက်လျက်ရှိရာ ပြီးစီးပါက ရေသောက်ဧရိယာ ဧက၁၀၈၀၀၀နှင့် သီးနှံဧရိယာ ဧက ၁၇၀၀၀၀ ရေပေးဝေမည်ဖြစ်သည်။

ထို့နောက် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ရေသယံဇာတ၊ မြေသယံဇာတများ ဖော်ထုတ်အသုံးပြုလျက်ရှိရာ ၁၉၃၃ခုနှစ်ကတည်ဆောက်ခဲ့သော လက်ရှိလင်းဇင်းရေလွှဲဆည်၏ ဆည်ရေသောက်ဧရိယာ ၂၈၄၃၁ ဧကအပါအဝင် စုစုပေါင်း ဧက ၃၃၀၀၀ စိုက်ပျိုးရေပေးဝေနေပြီဖြစ်သော စလင်းရေလှောင်တမံသည် စလင်းမြို့နယ်လင်းဇင်းရေလွှဲဆည်၏အထက် ၂၂ မိုင်ခန့်အကွာ ရွှေတွင်းတူးကျေးရွာအနီးတွင်တည်ရှိသည်။ စလင်းရေလှောင်တမံကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

စာရေးသူသည် စလင်းရေလှောင်တမံတည်ရှိရာဒေသ သွားရောက်ရာတွင် မင်းဘူး-ဆိပ်ဖြူကားလမ်းအတိုင်း ထွက်ခွာခဲ့ပြီး စည်ဆွဲရွာအရောက် အနောက်ဘက် မိုင်၂၀ ဝင်ရောက်လာခဲ့ရာ ရွှေတွင်းတူးကျေးရွာအနီးတွင် တွေ့ရှိရသည်။ စလင်းချောင်းသည် ရခိုင်ရိုးမအရှေ့ခြမ်း ရေယိုတောင်၊ နွားမတောင်တို့က မြစ်ဖျားခံစီးဆင်းလာခဲ့ပြီး ရေစီးသန်သောချောင်းကြီးဖြစ်သည်။ မကွေးတိုင်းအနောက်ဘက်တွင် မန်းချောင်း၊ မုန်းချောင်း၊ စလင်းချောင်းတို့သည် ရေဝင်အင်အားကောင်းသော နာမည်ကြီးချောင်းကြီးများဖြစ်ကြသည်။

စလင်းရေလှောင်တမံတွင် လက်ထောက်အင်ဂျင်နီယာ ဦးတိုးအောင်၊ ဦးဇော်မင်းနိုင်၊ ဦးဌေးကြွယ်(ဘူမိ)၊ ဦးထွန်းထွန်းဦးတို့က တမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့်ရေထိန်းမျှော်စင်တည်ဆောက်ခြင်း၊ရေပိုလွှဲတည်ဆောက်ခြင်းနှင့် တူးမြောင်းစနစ် ပြန်လည်တည်ဆောက်ခြင်းများကို အဆင့်ဆင့် အသေးစိတ်ရှင်းလင်းပြသခဲ့ကြသည်။ စလင်းရေလှောင်တမံသည် ပျဉ်းမနားမြို့နယ်တွင် တည်ဆောက်နေသော ပေါင်းလောင်းရေလှောင်တမံပြီးလျှင် မြန်မာနိုင်ငံတွင် ဒုတိယအမြင့်ဆုံးတမံဖြစ်ပြီးရေထုတ်ပြွန်၏ရေထိန်းမျှော်စင်သည် မြန်မာနိုင်ငံတွင် အမြင့်ဆုံးဖြစ်ကြောင်း သိရှိရသည်။

စလင်းရေလှောင်တမံကို ၁၉၉၈ခုနှစ် အောက်တိုဘာလက ဌာနမှ စက်ယန္တရားများနှင့် စတင်တည်ဆောက်ခဲ့ကြပြီး ပြင်ပမှရွှေသံလွင်ကုမ္ပဏီ၊ စတီးစတုန်းကုမ္ပဏီ တို့မှ စက်ယန္တရားများ ပေါင်းစပ်တည်ဆောက်ခဲ့ကြသည်။ စလင်းရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် စလင်းချောင်း၏ ရေစီးရေလာအား ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ခဲ့ပေသည်။ ထို့ပြင် စိုက်ပျိုးရေကို စုစုပေါင်းစိုက်ပျိုးမြေ ၃၂၀၀၀ကို ဖူလုံစွာပေးနေပြီး မိုးစပါး၊ နွေစပါးပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နေပြီ ဖြစ်သည်။ ၎င်းပြင် နွယ်တမယ်မြောင်း၊ခိုင်မြောင်းနှင့် ငါးမျက်နှာကန်တို့မှ ပေးဝေသော ရေသောက်လယ်မြေများသို့လည်း ရေကူပေးဝေနေပြီဖြစ်သည်။ စလင်းဆည်ရေသောက် လယ်မြေများတိုးပွားလာခဲ့သဖြင့် စိုက်ပျိုးသီးနှံများ ပိုမိုအားကောင်းစွာ ထုတ်လုပ်နိုင်ခဲ့ကြသည်။

စာရေးသူသည် လင်းဇင်းရေလွှဲဆည်မြောင်းမကြီး ဆည်ပေါင်လမ်းအတိုင်း ဖြတ်သန်းလာခဲ့ရာ လမ်းဘေးကုက္ကိုရိပ်များနှင့် မြောင်းမကြီးမှ ဆည်ရေတို့ကြောင့် အေးအေးမြမြ ကြည်နူးပီတိ ဖြစ်ခဲ့ရသည်။ စပါးခင်းများကလည်း စိမ်းနုရောင်လွင် မင်းဘူးလွင်ပြင်ကို မြသားကမ္ဘာလာခင်းထားတော့သည်။ စလင်းရေလှောင်တမံ၏ အဓိကအချက်အလက်မှာ အောက်ပါအတိုင်း တွေ့ရှိရသည်။

| | |
|---|---|
| **(၁) တည်နေရာ** | **မကွေးတိုင်း စလင်းမြို့နယ်၊ လင်းဇင်းရေလွှဲဆည်၏အထက် ၂၂မိုင်ခန့်အကွာ၊ ရွှေတွင်းတူးကျေးရွာအနီး။** |
| **(၂) ချောင်းအမည်** | **စလင်းချောင်း** |
| **(၃) ရေဆင်းဧရိယာ** | **၃၉၇စတုရန်းမိုင်** |
| **(၄) နှစ်စဉ်ပျမ်းမျှမိုးရေချိန်** | **၂၆ ဒသမ ၄၂ လက်မ (လင်းဇင်းစခန်း)** |
| **(၅) နှစ်စဉ်ပျမ်းမျှစီးဝင်ရေ** | **၅၀၇၁၀၀ ဧကပေ** |
| **(၆) တမံအမျိုးအစား** | **မြေသားတမံ** |
| **(၇) တမံအမြင့်** | **၂၂၀ ပေ** |
| **(၈) တမံအလျား** | **၂၇၇၀ ပေ** |
| **(၉) ကန်ရေပြည့်ရေလှောင်ပမာဏ** | **၁၃၃၀၀၀ ဧကပေ** |
| **(၁၀) ကန်ရေသေရေလှောင်ပမာဏ** | **၃၀၁၀၀ ဧကပေ** |
| **(၁၁) ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ** | **၁၃၈၀ ဧက** |
| **(၁၂) ရေထုတ်ပြွန်အမျိုးအစား** | **သံကူကွန်ကရစ်** |
| **(၁၃) ရေထုတ်ပြွန်အရွယ်အစား** | **အကျယ် ၄ ပေ+ အမြင့် ၆ ပေ၊ ၃ ပေါက်။** |
| **(၁၄) ရေထုတ်ပြွန်အလျား** | **၇၄၅ ပေ** |
| **(၁၅) ရေထုတ်ပြွန်ဒီဇိုင်းရေထုစီးနှုန်း** | **၁၀၀၀ ကုဗပေ/စက္ကန့်** |
| **(၁၆) ရေပိုလွှဲအမျိုးအစား** | **သံကူကွန်ကရစ် (Flip Bucket Type)** |
| **(၁၇) ရေပိုလွှဲအကျယ်** | **၄၀၀ ပေ** |
| **(၁၈) ရေပိုလွှဲဒီဇိုင်းရေထုစီးနှုန်း** | **၁၂၄၈၄၀ ကုဗပေ/စက္ကန့်** |
| **(၁၉) တူးမြောင်းမကြီး** | **တစ်ခု (၁၉ မိုင်)** |
| **(၂၀) လက်တံမြောင်းမကြီး** | **ကိုးခု (၂၁ မိုင်)** |
| **(၂၁) တူးမြောင်းအဆောက်အအုံ** | **၁၆၂ ခု** |
| **(၂၂) ဆည်ရေပေးဝေသည့်ဧရိယာ** | **၃၃၀၀၀ ဧက** |
| **(၂၃) ခန့်မှန်းကုန်ကျငွေ** | **ကျပ် ၂၈၅၀ သန်း** |
| **(၂၄) စီမံကိန်းစတင်နှစ်** | **၁၉၉၈-၉၉** |
| **(၂၅) စီမံကိန်းပြီးစီးသည့်နှစ်** | **၂၀၀၀-၂၀၀၁** |



ရေပိုလွှဲ။



**ဖွင့်လှစ်ပြီးဖြစ်သော စလင်းရေလှောင်တမံ (မြေသားတမံ)ကြီးကို တွေ့ရစဉ်။**



**ဧရာဝတီမြစ် အနောက်ဘက် မကွေးတိုင်း မင်းဘူးလွင်ပြင်တစ်ဝန်း မန်းချောင်းရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၊ စလင်းရေလှောင်တမံတို့၏ ရေသောက်ဧရိယာပြမြေပုံကို တွေ့ရစဉ်။**

စလင်းရေလှောင်တမံမှ ဆည်ရေများသည် စလင်းမြို့နယ်နှင့် ဆင်ဖြူကျွန်းမြို့နယ် ကျေးရွာများရှိ တောင်သူလယ်သမားများ၏ လယ်မြေများ အကျိုးခံစားနေကြပြီဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၁၉၉၇ခုနှစ် ဧပြီ ၁၇ ရက်က မကွေးတိုင်းအနောက်ခြမ်း မန်းချောင်းရေလှောင်တမံ စီမံကိန်းနယ်မြေသို့ ရောက်ရှိစဉ် **"ဆည်ရေပေးဝေမည့် လက်တံမြောင်းများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ရန်"** လမ်းညွှန်မှာကြားခဲ့ပေသည်။

စလင်းရေလှောင်တမံကြီးကို နိုင်ငံတော်က ကျပ်သန်းပေါင်း များစွာအကုန်အကျခံပြီး တည်ဆောက်ပေးခဲ့ခြင်းကြောင့် လက်တွေ့အကျိုးများစွာ ခံစားနေကြရပြီဖြစ်သည်။ ရေလှောင်တမံကြီး ရေရှည်ခိုင်ခံ့ရေး၊ ရေပေးမြောင်းမကြီးနှင့် လက်တံမြောင်းများ တာရှည်ခိုင်မာစေရေးတို့ကို ဒေသခံပြည်သူများက ဝိုင်းဝန်း ထိမ်းသိမ်းကာကွယ်ကြရမည် ဖြစ်ပေသည်။ ၎င်းပြင် စပါးနှင့်အခြားသီးနှံတို့ကို အထွက်နှုန်းတိုးပွားအောင် စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အဓိကစိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဆောင်ရွက်လျက်ရှိရာ ပြည်သူတစ်ရပ်လုံးနှင့် တောင်သူများအတွက် အခွင့်ကောင်းများ ရရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တည်ဆောက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းသည် လတ်တလောအကျိုးစီးပွား သက်သက်သာမဟုတ်ပေ။ နိုင်ငံတော်၏အနာဂတ်၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် အခြေခံကောင်းများရရှိအောင် ကြိုးပမ်းဖြည့်ဆည်း တည်ဆောက်ပေးနေခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ဝန်ထမ်းများ၊ ပြည်သူများက အတွေးအခေါ် အယူအဆမှန်ကန်စွာ၊ အကျင့်သီလကောင်းမွန်စွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာလုပ်ငန်းတိုင်းတွင် ရှေ့တန်းက စွမ်းအားပြည့်ပါဝင်ကြရန် တိုက်တွန်းပန်ကြားရေးသားတင်ပြလိုက်ရပါသည်။ ။

**စက်တင်ဘာ ၁၈ ရက်က ဇဟန်းမြို့နယ် ဗိုလ်ချို (၂)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ နှစ်ပတ်လည် အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးနေဝင်း၊ အသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းစိန်တို့က ကျောင်းဝတ်စုံများ လှူဒါန်းစဉ်။ (က-ပ)**



**စက်တင်ဘာ ၁၀ ရက်က အလှူရှင် ရန်ကုန်မြို့နေ သီဟသုမ္မေသီဂီ ဒေါ်တင်မြင့်နှင့်သားသမီးမြေးတစ်စုတို့က မိဘနှစ်ပါးနှင့် ဦးမြသောင်းကို ရည်စူး၍ ပထမအရစ် လှူဒါန်းငွေကျပ်သိန်း ၃၀ဖြင့် တူးဖော်လျက်ရှိသော ချောက်မြို့နယ် ဇီးပွားကျေးရွာ စက်ရေတွင်းတူးဖော်မှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)**



# သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် သုံးခွမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

ရန်ကုန် စက်တင်ဘာ ၂၄

**သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်တိုင်း သုံးခွမြို့ ရှစ်မျက်နှာစေတီတော် ဓမ္မရက္ခိတဓမ္မာရုံ၌ သုံးခွမြို့ပေါ်ရှိ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာဒိစ္စ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာသနအမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ထို့နောက် ဝန်ကြီးသည် သုံးခွမြို့ ပြည်သူ့ဆေးရုံကြီး၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော လူထုကျန်းမာရေး လုပ်သားသင်တန်းသို့ ဝင်ရောက်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ သုံးခွမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကာ စာအုပ်များပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သုံးခွမြို့ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စက်တင်ဘာ ၁၉ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ပလုတ်တုတ် ကလေးဂျာနယ်တို့ ပူးပေါင်းကျင်းပသော မူကြိုကလေးပန်းချီပြိုင်ပွဲတွင် ဆုရသူရင်သွေးငယ် တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**



# တာချီလိတ်၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် စက်တင်ဘာ ၂၄

**နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၂ခုနှစ် အောက်တိုဘာ ၄ရက်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်၄/၇၄ နေ အိုက်ဆွေ၏နေအိမ်ကိုရှာဖွေရာ ရန်ကြားဟော်၊ အားမဲ၊ အားစန်း၊ အားလုံတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၃၉ပြား၊ ဒသမ၃၈ ပစ္စတိုတစ်လက်၊ ကျည်ကတ်တစ်ခု၊ ကျည်၁၃တောင့်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် ၉၀/၂၀၀၂၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁/၂၂(ခ) အရ အမှုဖွင့် အရေးယူခဲ့သည်။**

အမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ခုနှစ် ဩဂုတ်၂၇ရက်တွင် တရားရုံးက လားရှိုးမြို့ ရပ်ကွက်(၄)နေ ဦးအိုက်အောင်၏သား အိုက်ဆွေ၊ တာချီလိတ်မြို့ ဆန်ဆိုင်းရပ်နေ ဦးအိုက်ထွန်း၏သား အားစန်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က) အရ ထောင်ဒဏ်၁၂နှစ်ကျခံစေရန်၊ တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဝိန်းကျောက်ရွာနေ ဦးလိုထေ့၏သား အားမဲ(ခ)လှကျော်နှင့် ဦးရန်ဆောင်ကွမ်း၏သား ရန်အေးတို့နှစ်ဦးအား မူယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ၁၉(က)နှင့် လက်နက်ကိုင်တွယ်အသုံးပြု၍ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ခြင်း ပုဒ်မ ၂၂(ခ)အရ ၎င်းတို့နှစ်ဦးအား နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် ချမှတ်ခဲ့သည်။

အဆိုပါအမှုကွင်းဆက်အရ ၂၀၀၂ ခုနှစ်အောက်တိုဘာ၇ရက်တွင်ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ဟော်မိုင်ရွာ အမှတ်၇/၂၂၆ နေ အိုက်လူ(ခ)အားလု၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ၅ဒသမ၇၅ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၊ ပစ္စတိုနှစ်လက်၊ ကျည်ကတ်နှစ်ခု၊ ကျည် ၁၁တောင့် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ကျန်ရှိုင်းမင်း၊ အိုက်ခတ်၊ ဦးရန်အေး၊ ရန်ကြားဟော်နှင့် အားလုံ(ခ)အိုက်လုံတို့အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၉၁/၂၀၀၂၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁/၂၂(ခ) အရအမှုဖွင့် အရေးယူခဲ့သည်။

အမှုအား တွဲဖက်ပြည်နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက တရားခံ လားရှိုးမြို့ ရပ်ကွက် (၁၂)နေ ဦးကျန်ရီတဲ့၏သား ကျန်ရှိုင်းမင်းနှင့် ကွတ်ခိုင်မြို့နေ ဦးလောက်ကျူး၏သား အိုက်ခတ်(ခ)အားခတ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချခြင်း ပုဒ်မ၂၀(က)နှင့် လက်နက်ကိုင်တွယ်၍ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်ခြင်း ပုဒ်မ၂၂(ခ)တို့အရ သေဒဏ်ကျခံစေရန်၊ တာချီလိတ်မြို့ ဆန်ဆိုင်းရပ်နေ ဦးအိုင်ဆိုင်း၏သား အားလုံအား မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချခြင်း ပုဒ်မ၂၀(က)အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။

အဆိုပါ အမှုကွင်းဆက်အရ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ အနောက်ဘက် ငါးမိုင်အကွာ တာချီလိတ်-မိုင်းဆတ်သွားကားလမ်းဘေးရှိ အိုက်အဲ(ခ) အိုက်အေး၏ ကော်ဖီခြံရှိ တဲအိမ်ကြမ်းခင်းအောက်မှ ဘိန်းဖြူ ၃၆ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၀၀၀၀၊ အမ်-၁၆ တစ်လက်၊ ကျည်အိမ်ငါးခု၊ ကျည်၁၈၀ တောင့်၊ အေကေ-၄၇တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၂၀တောင့်၊ နှစ်လုံးပြူးပြောင်းရှည်တစ်လက်၊ ၉မမပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်လေးတောင့်၊ ဒသမ ၄၅ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်သုံးတောင့်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ အိုက်အဲ(ခ)အိုက်အေး၊ ရန်ကြားဟော်၊ အားမဲ၊ ကျန်ရှိုင်းမင်းနှင့် အားစန်းတို့အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါးပထမသတင်းပေးတိုင်ချက် အမှတ်၈၃/၂၀၀၂ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁/၂၂(ခ)အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို တွဲဖက်ပြည်နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဝိန်းကျောက်ရွာနေ ဦးလိုထေ့၏သား အားမဲ(ခ) လှကျော်၊ လားရှိုးမြို့၊ ရပ်ကွက်(၁၂)နေ ဦးအိုက်ထွန်း၏သား အားစန်း (ခ) စိုင်းမောင်နှင့် လားရှိုးမြို့နေ ကျန်ရှိုင်းမင်းတို့ သုံးဦးအား မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချခြင်း ပုဒ်မ ၂၀(က)နှင့် လက်နက်ကိုင်တွယ်၍ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ခြင်း ပုဒ်မ ၂၂(ခ)အရ ၎င်းတို့သုံးဦးအား သေဒဏ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အဆိုပါအမှုကွင်းဆက်အရ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပူးပေါင်းအဖွဲ့သည် အိုက်အဲ(ခ)အိုက်အေး၏ ကော်ဖီခြံတောင်ဘက် ကိုက် ၄၀၀အကွာရှိ အားဖာကူး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆၀၀၀၀၊ စိတ်ကြွရူးသွပ်ဆေးအကြေ ၁၀ ကီလို၊ အက်ဖီဒရင်း ၃၃၈ ကီလို၊ ကဖင်း ၄၀ ကီလို၊ အေကေ-၄၇တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည် ၃၀တောင့်၊ ကိုးလုံးကျည် ၂၁၀တောင့်တို့အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့ လွယ်တော်ခမ်းအုပ်စု စမ်းလုရွာနေ အားဖာကူး၊ တာချီလိတ်မြို့ မယ်ခေါင်ရပ်နေ ဦးအိုက်ထွန်းဦး၏သား အားစန်း(ခ)စိုင်းမောင်၊ တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဝိန်းကျောက်ရွာနေ ဦးလိုထေ့၏သား အားမဲ(ခ) လှကျော်နှင့် ရန်ကြားဟော်တို့အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက် အမှတ် ၈၄/၂၀၀၂၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၅/၁၉(က)/၂၀(က)/၂၁/၂၂(ခ)အရ အမှုဖွင့် အရေးယူခဲ့သည်။ အမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တွဲဖက်ပြည်နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက အားမဲ(ခ) လှကျော်နှင့် အားစန်း(ခ)စိုင်းမောင်တို့နှစ်ဦးအား လက်နက်ကိုင်တွယ်အသုံးပြု၍ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ခြင်း ပုဒ်မ၂၂(ခ)အရ ထောင်ဒဏ်(၁၀)နှစ်၊ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချခြင်း ပုဒ်မ၂၀(က)အရ သေဒဏ်ကျခံစေရန် ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။

အဆိုပါအမှုကွင်းဆက်အရ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်နေ အိုက်လု၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွင် ပါဝင် ပတ်သက်သည့် တရားခံ ကျန်ရှိုင်းမင်းနှင့် အားခတ်တို့ နှစ်ဦးအား ကျိုင်းတုံရဲစခန်းက မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက် အမှတ် ၅၄/၂၀၀၂၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ အရ အရေးယူခဲ့ရာ တရားရုံးက ကျန်ရှိုင်းမင်းနှင့် အားခတ်(ခ)အိုက်ခတ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးသုံးစွဲမှုပုဒ်မ ၁၅ အရ ထောင်ဒဏ်ငါးနှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မေတ္တာသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ဆေးရုံအသီးသီးရှိ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၇၈)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို လာမည့်အောက်တိုဘာ ၅ရက် နံနက် ၈နာရီခွဲတွင် ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ ကျင်းပမည် ဖြစ်သည်။ မိမိတို့၏ မေတ္တာသွေးစက်ဖြင့် ခုနစ်ရက်သားသမီးများ ကျန်းမာစေရန် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လယ်/ဆည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ငရုတ်ကောင်းစိုက်ခင်းများစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များလိုက်ပါလျက် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ရောက်ရှိပြီး မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လျာထားဧကပြည့်မီရေး၊ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိုးကျ သုံးစွဲရေး၊ ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီသော အထွက်ကောင်း မျိုးကောင်း မျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးရေးတို့ကို မှာကြားသည်။ မောင်တောမြို့နယ်အတွင်း မိုးစပါးလျာထားဧကပြည့်မီသည့်အပြင် တစ်မိုးနှစ်သီးစိုက်ပျိုးလာကြပြီဖြစ်၍ မိုးစပါးဧကများ ထပ်မံတိုးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ် ငရုတ်ကောင်း ဧက ၁၀၀စိုက်ခင်းသို့ ရောက်ရှိပြီး ငရုတ်ကောင်းစိုက်ပျိုးပြီးစီးမှုနှင့် ငရုတ်ကောင်းပျိုးခင်းများကို ကြည့်ရှုစစ်ဆေး၍ ဒေသအတွင်း ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုးရေးနှင့် မိသားစုအလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဖြူးကြရန်မှာကြားသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန်နှိုးဆော်

**ရန်ကုန် စက်တင်ဘာ ၂၄**

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၃ ခုနှစ်အတွက်(၁၄)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ “ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု” ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင် လိုသူများသည် ၁၀ × ၁၂ လက်မ ထက်မငယ်သော အရွယ်အစားဖြင့် Print ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ(Caption)အပြည့်အစုံပါရှိရမည်။ဓာတ်ပုံများကို ပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။ ပြိုင်ပွဲဝင်ရာတွင် Digital Camera ဖြင့် ရိုက်ကူးထားသောပုံများကို လက်ခံမည်မဟုတ်ပါ။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများ၏ အမည်စာရင်းကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများကို အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေစီးရေလာကောင်းရေး ရေနုတ်မြောင်းတူးဖော်

**ဖျာပုံ စက်တင်ဘာ ၁၉**

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးခင်လှိုင်နှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၁၈ရက် နံနက်က ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၁၅၈)

**အထက(၂)အင်းစိန်၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းဆွေက သတ္တမတန်း ဘာသာစုံနှင့် ဘက်စုံထူးချွန်ဆုရ မမြတ်စုသန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)**









## သာသနောဒယ ပရိယတ္တိစာသင်တိုက်ကျေးဇူးရှင်ဆရာတော်ကြီးများအား ပူဇော်ပွဲ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောတိုက် သာသနောဒယ ပရိယတ္တိစာသင်တိုက်၏ (၂၉)ကြိမ်မြောက် ကျေးဇူးရှင်ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် စာချ ဆရာတော်၊ စာအောင်သံဃာတော်များအား ဆုဆက်ကပ်ပူဇော်ပွဲကို ၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်(၅-၁၀-၂၀၀၂)၊ တနင်္ဂနွေနေ့ နံနက် ၇နာရီအချိန်တွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ပူဇော်နိုင်ကြပါရန် လေးမြတ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။ **သာသနာ့အကျိုးဆောင်အဖွဲ့**













### အမည်ပြောင်း

အဖ ဦးစိုးတင့်၏ သမီးဖြစ်သူ အထက(၂)လသာ နဝမတန်း(S)မှ မနှင်းအေးအောင်အား မမေဖြိုးဟန်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေဖြိုးဟန်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုခုပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅**
**ပဲခူးတိုင်းတရားရုံး**
**နယ်တရားမရုံး၌**
**၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၉**

မသဇင် — နှင့် — ကိုအောင်ဆွေတင်
**တရားလို** — **တရားပြိုင်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၀၇၊ ဝင်းသူဇာအရောင်းဆိုင် ၈ မိုင် လမ်းဆုံပြည်လမ်း ဦးအောင်ဆွေတင် (ဘ) ဦးတင်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမသဇင်က လင်မယားအရာမှကွာရှင်းပြတ်စဲစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၃ ခုနှစ်အောက်တိုဘာလ ၃ ရက်(၁၃၆၅ ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ဆေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မင်းအောင်**
**တွဲဖက်တိုင်းတရားသူကြီး**
**ပဲခူးမြို့**

### ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### GSM မိုဘိုင်းတယ်လီဖုန်းစနစ်တည်ဆောက်ရေးစီမံကိန်း
### ရန်ကုန်မြို့။
## GSM မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများသိသာရန်

၂၀၀၃ ခုနှစ်၊ ဩဂုတ်လအတွက် ရန်ကုန်မြို့ GSM မိုဘိုင်းတယ်လီဖုန်းများ၏ ပြည်တွင်း ပြည်ပခေါ်ဆိုခအခွန်ငွေတောင်းခံလွှာများကို ပေးဝေထားပြီးဖြစ်ပါသည်။ စမ်းချောင်းမြို့နယ်၊ ဟံသာဝတီလမ်းရှိ ဝေဠုဝန်ငွေလက်ခံစခန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းဌာန၊ အမှတ်-၄၆၅/၄၆၉၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့တို့တွင် ၁၅-၉-၂၀၀၃ မှ ၂၆-၉-၂၀၀၃ နေ့အထိငွေပေးသွင်းနိုင်ကြပါသည်။ သတ်မှတ်သည့်ကာလအတွင်း ငွေတောင်းခံလွှာမရရှိပါက ဝေဠုဝန်ငွေလက်ခံစခန်းတွင်ငွေတောင်းခံလွှာမိတ္တူများတောင်းယူ၍ ငွေပေးသွင်းနိုင်ကြပါသည်။

အခွန်ငွေများကိုလစဉ်ပေးသွင်းခြင်းမပြုလိုသူများအတွက် ကြိုတင်ငွေပေးသွင်းသည့် စနစ်ကို ကျင့်သုံးလိုပါက တစ်လပျမ်းမျှကျသင့်ငွေ၏ အနည်းဆုံးသုံးလစာကိုကြိုတင်ငွေအဖြစ် ပေးသွင်းထားရှိနိုင်ပါသည်။ လစဉ်ငွေတောင်းခံလွှာပါ ကျသင့်ငွေကို ကြိုတင်ပေးသွင်းထားငွေမှ ခုနှိမ်ပေးမည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက GSM မိုဘိုင်းတယ်လီဖုန်းငွေလက်ခံစခန်း ငွေစာရင်းဌာန(ဝေဠုဝန်)၊ ဖုန်း-၅၀၅၂၀၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**GSM မိုဘိုင်းတယ်လီဖုန်းစနစ်တည်ဆောက်ရေးစီမံကိန်း**

### ရောင်းမည်

အရှေ့ကြို့ကုန်း ၇လမ်း ပေ ၅၀ X ပေ၇၀ ရေမီးစုံ မီတာ နှစ်လုံး ဂရန်အမည်ပေါက် ကျောက်တော်ကြီး ဘုရားအနီး **ဆက်သွယ်ရန်- ဖုန်း-၅၁၀၉၁၂၊ ၅၁၀၅၄၁**

### ကျေးဇူးတင်ရှိခြင်း

ဖခင်ကြီးဦးတစ်စိန် (လှည်းဆိပ်)၏ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသောဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Surakiart Sathirathai အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)



ရန်ကုန် စက်တင်ဘာ ၂၅

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Surakiart Sathirathai အား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

### တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Surakiart Sathirathai နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Oum Maolanon လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

## ယနေ့ထုတ်စောင်ရေ – ၂၀၂၉၆၄

### အာရှတံခွန်စိုက်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် အာရှတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ၏ မီတာ ၈၀၀ ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ တာလတ်အပြေးချန်ပီယံ ယဉ်ယဉ်ခိုင်(၃၈၁)က ယှဉ်ပြိုင်ဘက်များကို ဖြတ်ကျော်ကာ စံချိန် ၂ မိနစ် ၁ ဒသမ ၈ စက္ကန့်ဖြင့် ပထမရွှေဆုကို ပြတ်ပြတ်သားသား ရယူကာ ပန်းဝင်လာစဉ်။

(ယဉ်ယဉ်ခိုင်သည် မီတာ ၄၀၀ ဗိုလ်လုပွဲ၌လည်း စံချိန် ၅၂ ဒသမ ၉၆ စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးခဲ့ပြီး ဖြစ်သည်။ ယဉ်ယဉ်ခိုင်၏ စံချိန်နှစ်ရပ်က မြန်မာပြည်နှင့် အရှေ့တောင်အာရှ စံချိန်များကို ချိုးလိုက်နိုင်သည်။ ၎င်း၏ ရွှေနှစ်ဆု ရမှတ်အရ အာရှနိုင်ငံပေါင်း ၄၀ တွင် မြန်မာနိုင်ငံက အဆင့်(၆) ဆွတ်ခူးရရှိခဲ့သည်။) (သတင်းစဉ်)

# တနင်္သာရီတိုင်းသည် ရေမြေသယံဇာတများဖော်ထုတ်အသုံးချရန် အခြေအနေကောင်းများနှင့်ပြည့်စုံ ဆန်စပါး၊ သားငါး၊ ဆီအုန်းနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးရေး အဓိကထားဆောင်ရွက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းခရိုင်ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

ရန်ကုန် စက်တင်ဘာ ၂၅

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် စက်တင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ကော့သောင်းမြို့သို့ ရောက်ရှိကြသည်။**

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီတွင် ကော့သောင်းတပ်နယ် ဘုရင့်နောင်ခန်းမ၌ ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဖြိုးက ကော့သောင်းခရိုင်နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့တာဝန်ယူဆောင်ရွက်ကြရသည့် လုပ်ငန်းကဏ္ဍများ၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ***စာမျက်နှာ ၉ ကော်လံ ၁*** ▼




# (၁၅)ကြိမ်မြောက် အာရှတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ

## အမျိုးသမီး မီတာ ၄၀၀ နှင့် ၈၀၀ ၌ မြန်မာဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၂၅

**၂၀၀၃ ခုနှစ် (၁၅)ကြိမ်မြောက် အာရှတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၂၀ ရက်မှစတင်၍ကျင်းပခဲ့သည်။ စက်တင်ဘာ ၂၁ ရက်က ကျင်းပသော အမျိုးသမီး မီတာ ၄၀၀ ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ အပြေးမယ် ယဉ်ယဉ်ခိုင်က စံချိန် ၅၂ ဒသမ ၉၆စက္ကန့်ဖြင့် ပထမရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံက စံချိန် ၅၂ဒသမ၉၇ စက္ကန့်ဖြင့် ဒုတိယ၊ ကာဇက်စတန် နိုင်ငံက ၅၃ဒသမ ၁၉စက္ကန့်ဖြင့် တတိယရရှိကြသည်။**

ဆက်လက်၍ အမျိုးသားမီတာ ၁၀၀၀၀ ဗိုလ်လုပွဲတွင် ကာတာနိုင်ငံက စံချိန် ၂၈ မိနစ် ၄၆ ဒသမ ၆၄ စက္ကန့်ဖြင့် ပထမ၊ ဘာရိန်းနိုင်ငံက စံချိန် ၃၀ မိနစ် ၀၄ ဒသမ ၁၃ စက္ကန့်ဖြင့် ဒုတိယ၊ အိမ်ရှင် ဖိလစ်ပိုင်နိုင်ငံက စံချိန် ၃၀ မိနစ် ၀၆ ဒသမ ၂၀ စက္ကန့်ဖြင့် တတိယ၊ မြန်မာနိုင်ငံမှ အောင်သီဟက စံချိန် ၃၀မိနစ် ၅၇ ဒသမ ၉၀စက္ကန့်ဖြင့် စတုတ္ထရရှိသည်။

ဆက်လက်၍ အမျိုးသမီးမီတာ ၈၀၀ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၃ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အပြေးမယ် ယဉ်ယဉ်ခိုင်က စံချိန် ၂ မိနစ် ၁ ဒသမ ၈ စက္ကန့်ဖြင့် ပထမရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။

***စာမျက်နှာ ၉ ကော်လံ ၁*** ■